# သခင့်စကား
The LORD's Word
ဝိညာဉ်ရေး ရာစာစောင်
မင်းအောင်သက်လွင် စီစဉ်ထုတ်ဝေသည်


ဘုရား သခင်ကို သိသော ပညာကို ဆီး တားသော မာန်မာန ရှိသမျှ တို့ကိုဋ္ဌင်း၊ နှိမ့်ချမှော က်လှန်၍ ခပ်သိမ်းသော စိတ်တို့ကို ဘမ်း သွား ချုပ်ထား လျက် ခရစ်တော်၏ စကား ကို နားထောင် စေကြ၏။ ၂ကော ၁၀း၅


အမှတ်စဉ် (၁၀၂) ဖေဖော်ဝါရီလ ၂၀၁၀ ခုနှစ် ခမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်)


## "ဝိညာဉ်ရေးဆိုတာ ဘာလဲ" *တေးကဗျာ လှလင်ဇော် (ကျုံပျော်)*

'ဝိညာဉ်ရေး' ဆိုသည်မှာ ၊ ပညတ်တရား ကျင့်ကြံအားနဲ့

ကျောခါး ခြေတောင့် ဥပုသ်စောင့်ပြီး ၊ ဖြောင့်မတ်ကြည်ဖြူ အလှူတွေပေး

စိတ်ကောင်း စေတနာကောင်းတွေ မွေးတဲ့ ၊ 'ဘာသာရေး' မဟုတ်ဘူး။

'ဝိညာဉ်ရေး'ဆိုသည်မှာ ၊ မိရိုးဖလာ ထုံးစဉ်လာနဲ့

ဘာသာ သွတ်သွင်း တင်းတင်းကျပ်ကျပ် ၊ စည်းဘောင်ခတ်၍ ဟိုလူနဲ့ မပေါင်းရ

ဒီလူနဲ့ မပေါင်းရ ၊ သံမဏိ စည်းကမ်းချက်တွေ ချတဲ့ ၊ 'ဂိုဏ်းဂနရေး' မဟုတ်ဘူး။

'ဝိညာဉ်ရေး' ဆိုသည်မှာ၊ တစ်လ တစ်ခါ စုပေါင်း

ရှေးကောင်းနှောင်းဖြစ် ၊ ဘဝ တစ်ဆစ်ချိုး အမျိုးမျိုး အဖုံဖုံ



ရသစုံကို တွေ့ဆုံ ဝေငှ ၊ မိသဟာယဖွဲ့ တစ်ယောက် တစ်လှည့်ကျွေး

အိမ်အပြန် လက်ဆောင်ပါ ထည့်ပေးတဲ့ ၊ 'လူမှုရေး' မဟုတ်ဘူး။

'ဝိညာဉ်ရေး' ဆိုသည်မှာ ၊ ဘုရားဝိညာဉ်နှင့် နတ်ဆိုးဝိညာဉ်

သန့်ရှင်းသော ဝိညာဉ်တော်နဲ့ ၊ ညစ်ညူးတဲ့ ဝိညာဉ်အပျော်

သင် ဘာ ဝိညာဉ်ကို ဖိတ်ခေါ်ထားသလဲ ၊ ဘာ ဝိညာဉ်တွေ ဆည်းကပ်လို့

ဘာ တန်ခိုးတွေ ရထားသလဲ ၊ ကောင်းကင်တန်ခိုးလား ငရဲတန်ခိုးလား

သင်က ဘုရားရဲ့ တန်ဆာပလာလား ၊ မာရ်နတ်ရဲ့ လက်စွဲတမန်လား ဆိုတာကို

ခွဲခွဲခြားခြား သိမြင်ပေးတာ 'ဝိညာဉ်ရေးရာ'ပါပဲ မိတ်ဆွေ။ ။

---

## ကျွန်တော်ယုံတဲ့ သခင့်အကြောင်း *လချိုဒ်လ (နူကထောင်)*

သင်သိပါသလား မိတ်ဆွေ … ကျွန်တော် ယုံကြည်တဲ့ သခင်ဟာ



သေနေတဲ့ လာဇရုကို … ရှင်စေနိုင်တဲ့ ဘုရား ။ ။

မုန့်ငါးလုံး ငါးနှစ်ကောင်နဲ့ လူပေါင်း ငါးထောင်ကျော်ကို

ဝလင်သည် သာမက ၊ ပိုလျှံသည်ထိ ကျွေးမွေးနိုင်တဲ့ ဘုရား ။

ကျွန်တော် ချစ်တဲ့ သခင်ဟာ ကာနမြို့က မင်္ဂလာပွဲမှာ

သာမာန် ရေကို အကောင်းဆုံးစပျစ်ရည် အဖြစ်သို့ ပြောင်းလဲပေးနိုင်ခဲ့တဲ့ ဘုရား ။

သေလုမျောပါး ရှိမုန်ပေတရုရဲ့ ယောက္ခမကို

အကောင်းပကတိ ကျန်းမာစေနိုင်တဲ့ ဘုရား ။

ကျွန်တော့်ရဲ့ မျှော်လင့်ခြင်း ဖြစ်တဲ့ သခင်ဟာ

ရေပေါ်မှာ လမ်းလျှောက်ပြီး နူနာရောဂါသည် တွေကို သန့်ရှင်းစေခဲ့တဲ့ ဘုရား ။



ကျွန်တော့်ရဲ့ အသက်ရှင်ခြင်းဖြစ်တဲ့ သခင်ဟာ

သေခြင်းတရားကို သုံးရက်မြောက်နေ့မှာ

ရိုက်ချိုးဖျက်ဆီး အနိုင်ယူပြီး အောင်မြင်ခြင်း အလံကို

ဝံ့ကြွားစွာ စိုက်ထူခဲ့တဲ့ ဘုရား ။

ငါသည် လမ်းခရီးဖြစ်၏ သမ္မာတရားလည်း ဖြစ်၏

အသက်လည်း ဖြစ်၏ လို့ အာမခံတဲ့ ဘုရား ။

ကောင်းကင်ဘုံသို့ သွားရာ ထာဝရ အသက်အတွက်

တစ်ဦးတည်းသော လမ်းပြမြေပုံ ၊ လူသားအားလုံးရဲ့ သခင်

ကမ္ဘာကြီးရဲ့ ပွဲ့ကိုင်ရှင် သခင်ယေရှု ခရစ်တော်ပါပဲ ခင်ဗျား ။ ။

---

## "လူကိုမျှားသော တံငါ" Mary (ဖျာပုံ)

စာရေးသူ လူငယ် ဘဝတုံးမှာ ဘကြီး တော်စပ်သူက မိန်းမ သုံးယောက် ခေါင်း ချင်းဆိုင်ရင် ယောကျာ်းအကြောင်းပဲ ပြောတယ်လို့ ဆိုပါတယ်။ "ဟဲ့ ညည်း အကြောင်းလည်း ငါမပြောဘူး၊ ငါ့အကြောင်းလည်း ညည်းမပြောနဲ့ နော်လို့" မိန်းကလေး တွေ တွေ့ဆုံနေတာ တွေ့ရင် ပြောလေ့ ရှိပါတယ်။ အခု စာရေးသူက အမျိုးသမီး တစ်ယောက် အကြောင်းကို ရေးပြမှာဆိုတော့ သူပြောတဲ့ စကားလေးကို သွားသတိရမိတယ်။ စာဖတ်သူရေ "အတင်း" ပြောတယ်လို့ သဘောမထားပါနဲ့ "သတင်း" ပြောတယ်လို့သာ မှတ်လိုက်ပါ။ နှုတ်ကပတ်တော်က "လူကိုမျှားသော တံငါ ဖြစ်ကြလော့" လို့ ဆိုထား တယ်။ ထိုအမျိုးသမီးကတော့ "တဏှာကို မျှားသောလူ" ဖြစ်သွား တယ်။ တကယ့် ဖြစ်ရပ်မှန်လေး ဆိုတော့ စာဖတ်သူရေ နားနဲ့မနာ ဖဝါးနဲ့နာ ပါနော်။ စင်္ကာပူနိုင်ငံမှာ သမုဒ္ဒရာ ဝမ်းတစ်ထွာ ဆိုသလို မိသားစု ဇနီး သားသမီး အတွက် အချို့ လူတွေ လာရောက်ပြီး စီးပွားရေး ကြီးပွားရေးအတွက် မိသားစုနဲ့ ခွဲခွာနေကြရတယ်လေ။ အဲဒီ အမျိုးသမီးကလည်း အမေ မုဆိုးမ၊ မောင်လေးစိတ်ရောဂါ ဝေဒနာလေးအတွက် ဆေးဝါး စရိတ် ထိုက်သင့်ရုံလောက် ပေးဖို့နဲ့ သူ့ရဲ့ မွေးစားသားကို ILBC ကျောင်းထား ဖို့ ရည်ရွယ်ချက်နဲ့ ရောက်ရှိလာသူပါ။

သူက အသက်(၃၅)နှစ်မှာ မွေးနေ့ ကျေးဇူးတော် ချီးမွမ်းတော့ အသက် (၈၀)ကျော် အဖိုး သင်းအုပ်ဆရာကြီးတစ်ပါးက နင့်နံရိုး ခွေးစားသွားပြီလို့ ပြောတာနဲ့ အဲဒီ အချိန်မှာ သူ့ရဲ့အစ်မ ဝမ်းကွဲ တစ်ယောက်ကို သူ အိမ်ထောင် မပြုတော့ဘူး။ သူ့ကို သားလေးတစ်ယောက် မွေးပေးပါတဲ့၊ ဖြစ်ချင်တော့ သူ့အစ်မက သားဥ ပြွန်တစ်ဖက် ဖြတ်ထားတယ်။ ကလေးငယ်ကလည်း ၁၂နှစ် ရှိပြီ။ နောက် ကလေး ရဖို့ မလွယ်တော့ဘူး။ ဒါပေမယ့် အဲဒီ အချိန်ကစပြီး သူ့အစ်မက ကိုယ်ဝန်ရှိပြီး သားလေး တစ်ယောက် မွေး ပေးတယ်။ အဲဒီတော့ ထိုအမျိုးသမီးက သူ့တူဖြစ်တဲ့ မွေးစားသား ကလေးအတွက် တက်နိုင် သလောက် စရိတ် ထောက်ရတော့ တာပေါ့။ ရန်ကုန်မြို့ထဲမှာ Home Case တွေသွား ပြီး ငွေရှာတယ်။ အလုပ်က ပုံမှန် မဟုတ်တော့ အဆင်မပြေ၊ သားကို ILBC ထားဖို့ အတွက် သား အသက် (၃)နှစ် သူ့အသက် (၃၈) နှစ်မှာ စင်္ကာပူကို အလုပ် လာလုပ် တယ်။ သူ ဝါသနာ ပါတဲ့ လူနာကြည့်တဲ့ အလုပ်ကို ဘုရားရှင်က သူ့ကို ပြင်ဆင်ပေးတယ်။

သူက လူနာ ကြည့်တာဆိုတော့ ၂နှစ် ပြည့်တဲ့အထိ အပြင် မထွက် ဖြစ်ဘူး။ ဒါပေမယ့် သူ့အိမ်ရှင်က အပြင်မထွက်ရတဲ့ အတွက် သူငယ်ချင်း အပေါင်း အသင်းတွေနဲ့ စကားပြောဘို့ Hand Phone ဝယ်ထားပေးတယ်။ မမျှော်လင့်ပဲ (၂)နှစ် ကျော်တဲ့ တစ်နေ့၊ သူ့ရဲ့ မွေးလမှာ သူနဲ့ Flight အတူ စီးလာတဲ့ သူငယ်ချင်းက ဖုန်းဆက်တယ်။ အလုပ် အဆင်ပြေကြောင်း အကျိုးအကြောင်းတွေ မေးကြတယ်။ မိန်းကလေးချင်း စကားပြောရင် မပါမပြီးတဲ့ Boyfriend အကြောင်း မေးတော့ အမျိုးသမီးက ငါ ဒီလ အသက်(၄၀)ပြည့်တယ်။ ငါအိမ်ထောင် မပြုတော့ ဘူးလို့ ဆုံးဖြတ်ထားတယ်လို့ပြန်ဖြေတယ်။ အဲဒီတော့ သူငယ်ချင်းက ဟိတ်ကောင်ရေ အသက်(၄၀)မှ ဘဝစတာ မင်းကို ငါ လူတစ်ယောက်ရဲ့ ဖုန်းနံပါတ်ပေးမယ်။ အဲဒီ သူနဲ့ မိတ်ဆက်လိုက်၊ သူက ခရစ်ယာန် Judson Church ကိုသွားတယ်။ သူနဲ့ စကားပြောဖြစ်အောင် ပြောလိုက်ပါ ဆိုပြီး ဖုန်းချသွားတယ်။

အမျိုးသမီးက ခရစ်ယာန်ဆိုရင် မိတ်သဟာရ ဖွဲ့ဖို့ လက်မနှေးတဲ့သူ ဆိုတော့ အဖြူအမည်း မခွဲခြားပဲ သူက စပြီး ဖုန်းဆက်ကာ မိတ်ဆက်လိုက်ပါတယ်။ ထိုသူက အိမ်ထောင်ရှိပြီး ကလေး(၂)ယောက်ရှိတယ်။ အသက်(၅၀) ကျော်ပြီး စင်္ကာပူကို ရောက်တာ (၈)နှစ်ရှိပြီလို့ ပြောပါတယ်။ အမျိုးသမီးက မေးတာပေ့ါ။ ခရစ်ယာန်ဆိုတော့ ကျမ်းစာ ဖတ်ရဲ့လား၊ ဘုရားကျောင်း သွားရဲ့လားပေ့ါ။ ဒီလူက သွားတယ် ဖတ်တယ်ပေ့ါ သူ့မှာ အိမ်ထောင်ရှိလည်း ခင်လို့ရတယ်။ အားတဲ့ တစ်နေ့မှာ သူလာတွေ့ဖို့ ခွင့်တောင်းပါတယ်။ အမျိုးသမီးလည်း လွယ်လွယ်ပဲ အိမ်ရှင်ကို စာတိုက်သွားမယ် ခွင့်တောင်းပြီး အဲဒီလူကို သွားတွေ့ပါတယ်။ အအေးဆိုင် တစ်ခုမှာ အအေး သောက်ကြရင်း စကားတွေ ပြောကြရင်းနဲ့ သူ့စိတ်ထဲမှာတော့ ပညတ်တော် တစ်ခုတော့ ချိုးဖောက် မိသွားပြီးဆိုပြီး ကိုယ်တော်သမီး အပြစ်ကို ခွင့်လွှတ်ပါလို့ မျက်လုံးလေး မှိတ်ကာ ဆုတောင်းလိုက်တယ်ဆိုပဲ။ သူ့မျက်လုံးအဖွင့်မှာ ထိုသူက ဘဝ လက်တွဲဖော် လုပ်ဖို့ စကားကမ်းလှမ်းတယ်။ သူဟာ မလာခင် တစ်နှစ်ထဲက အရင် ဇနီးနဲ့ မပေါင်းသင်း ဖြစ်တော့ကြောင်း ကလေး(၂)ယောက်ကို ပြုစုဖို့အတွက်ကြောင့်သာ တရားဝင် မကွာရှင်းရသေးကြောင်း ပြောပြပါတယ်။ အဲဒါနဲ့ အမျိုးသမီးက ဘုရား နင်တို့ကို စုံဖက်ပေးထားတာ နင်ဘယ်လို ခွဲခွာမလဲ ဇနီး၊ သား၊ သမီး အပေါ် သစ္စာ မဖေါက်နဲ့လေ။ နင် ဘာခရစ်ယာန်လည်းလို့ မေးတယ်။ ထိုသူလည်း ထင်ရာတွေ ဆက်ပြောပြီး နင့်ကို နေဖို့ အိမ်ဝယ်ပေးမယ်။ နင့်သားကိုလည်း ဒီမှာ ကျောင်းခေါ်ထား ပေးမယ်။ လို့ ပြန်ပြောတယ်။ အဲဒီလူ ပြောသမျှကို နားထောင်ပြီး နောက်ဆုံးတော့ အမျိုးသမီးက ငါ့ဦးနှောက်နဲ့တော့ ငါနင့်ကို မဆုံးဖြတ်နိုင်ဘူးလို့ ပြောကာ အအေး တစ်ဘူး ကုန်မှ လမ်းခွဲ သွားကြတယ်။

အမျိုးသမီးက လူမှုရေးအရ မိတ်ဆွေ အဖြစ်နဲ့ ဆက်လက် ဆက်သွယ်တယ်။ တစ်လကျော်အကြာမှာ သူ့ကို ဖုန်းနံပါတ်ပေးတဲ့ သူငယ်ချင်းက အမျိုးသမီးကို ဖုန်းဆက်မေးတယ်။ ဟိတ်ကောင် မင်း ငါဖုန်းနံပါတ် ပေးထားတဲ့ လူကို သွားတွေ့

ပြီးပြီလား၊ အဆင်ပြေလား၊ သူ့ ဖုန်းနံပါတ် ငါပေးတယ်လို့ မပြောနဲ့နော်။ လို့ ပြောတဲ့အခါမှာ အမျိုးသမီးက ငါ ငွေမက်တဲ့လူ မဟုတ်ဘူး အိမ်ထောင်သည်ကို ငါ မစဉ်းစားဘူးလို့ ပြန်ဆိုလိုက်တယ်။ အမျိုးသမီးလည်း နောက်တော့ အဲဒီ သူငယ်ချင်းနဲ့ ဘယ်တော့မှ မဆက်သွယ်တော့ ဘူးတဲ့။

ထိုလူနဲ့တော့ တစ်ခါတစ်ခါ ဖုန်းပြောကြရင်း သံယောဇဉ် ကြိုးချင်း ညိလာကြတယ်။ အမျိုးသမီး ကျမ်းစာမှာ အဖြေရှာရင်း ဦးနှောက်က မဖြစ်နိုင်တာသိနေပေမဲ့ နှလုံးသားက လက်ခံမိနေတယ်။ ထိုလူကို ခရစ်ယာန် အသက်တာနဲ့ ညီအောင် နေထိုင် ဖို့ ပြောပေမဲ့ သူကိုယ်တိုင်က ပညတ်တော်ကို ချိုးဖောက်မိနေပြီ။ သူ့ရဲ့ ဒုတိယ အမှားပေါ့။ ဖြစ်ချင်တော့ တစ်နေ့မှာ အမျိုးသမီး Medical Checkup သွားတဲ့ အချိန်မှာ ထိုသူက ဖုန်းဆက်တယ်။ ဘာလို့ သူ့ကို မပြောသလဲ။ သူ လိုက်ပို့ပေးမှာပေ့ါ။ အမျိုးသမီးနဲ့ ပတ်သတ်တာတွေကို အားလုံး တာဝန်ယူမယ်။ စောင့်ရှောက်မယ်။ ဘဝ တစ်သက်တာလုံးအတွက် စိတ်ချပါဆိုပဲ။ အမျိုးသမီးက ယောကျ်ားလေး တစ်ယောက်မှ သူ့ကို အဲဒီလို မပြောဖူးဘူး။ ထိုလူကလည်း သူ ဘုရားမှာ ဆုတောင်းတယ်။ သူနဲ့ ထိုက်တန်တဲ့ အမျိုးသမီးနဲ့ တွေ့ဖို့တဲ့။ အမျိုးသမီးက ခရစ်ယာန်ဆို တကယ်ယုံကြည်တာကိုး၊ နင် ဘုရားရှေ့မှာ ပြောတာနော် ငါ့ကို လိမ်ရင် လိမ်၊ ဘုရားကိုတော့ မလိမ်ဖို့ ပြောကာ တစ်ယောက်နဲ့ တစ်ယောက် သိကျွမ်းကြပြီး သုံးလလောက်အကြာမှာ အမျိုးသမီးက အဖြေပေးလိုက်တယ်။ ထိုသူ အကြိုက် ဖြစ်သွားပြီး အမျိုးသမီးကို “က” ကြီးကနေ “အ” အဆုံးထိ သင်ခန်းစာတွေ ပို့ချတော့တာပဲ။

အမျိုးသမီးက သူ့ကို အဖြေမပေးခင် သူ့အိမ်ကို အသိပေးပါ။ နင်က မိန်းမရှိတဲ့ သူ ဘယ်လို လက်ထပ်လို့ ရမလဲ၊ စကာ်ပူမှာ ရှိတဲ့ အသင်းအုပ်ဆရာကိုလဲ မေးပါပေ့ါ။ ထိုသူက အသင်းအုပ်ဆရာကို မေးပြီးပြီး။ သူစီစဉ်ပေးလို့ရတယ်။ နင် ဖုန်းဆက်ခိုင်းတဲ့ သူကိုလည်း ရန်ကုန်ကို ဖုန်းခေါ်ပေးပြီး နင်က **very simple** ပဲ လို့ ပြောတယ်။ အမျိုးသမီးလည်း အဲဒီသူ အတည်ပြောတာပဲ ဆိုပြီး သူ့ကို ပိုမိုယုံကြည် စိတ်ချလာတယ်။ ကျမ်းစာက အတိအလင်း ဖော်ပြထားတဲ့ မှားယွင်းခြင်း အကြောင်းတွေကို ထိုသူကို ရှင်းပြသော်လည်း နှစ်ယောက်သား အလိုတူ အလိုပါ ပညတ်တော်တွေကို ချိုးဖောက် မိလာကြတယ်။ ထိုသူက မေထုန်မှီဝဲဘို့ အပ်ကြောင်း ထပ်အောင် ပြောလာတယ်။ အမျိုးသမီးက ငါ့ကို အိမ်ထောင်ပြုဖို့ ခွင့်ပြုတယ်။ နင် ငါ့ကို စကာ်ပူမှာ ရှိတဲ့ သင်းအုပ်ဆရာ တစ်ပါးနဲ့ ဘုရားရှင် ရှေ့မှာ လက်ထပ်ပါ။ နင့် မိသားစုနဲ့ သားသမီးကိုလည်း ပြောပြပါ။ လို့ပြောတော့ အဲဒီသူ ဘက်က ကန့်ကွက်တယ်။ သူ့သားကလဲ ကျောင်း ပြီးမှ ယူချင်ယူပါ ဆိုဘဲ။ ထိုသူ ကလည်း သူရောက်နေတာ (၈) နှစ်ကြာပြီး မိန်းမ ကိစ္စ သူမစဉ်းစားဘူး။ နင်ဟာ ငါ့ရဲ့ အဦးဆုံးဘဲ ငါဟာ လူကြီးလူကောင်း တစ်ယောက်ပါ။ ‘ယောကျာ်း’ ပါ။ ‘စောက်ကျား’ မဟုတ်ဘူးလို့ ဥပမာ၊ ဥပမေယျ တွေ သုံးကာ သူ့ရဲ့ ယစ်မူးနေတဲ့ တဏှာ လောကထဲကို အမျိုးသမီးကို ဆွဲသွင်းနိုင်ခဲ့တယ်။ ဒီလိုနဲ့ ၄တ်ချီ ပေါ်ချီ တစ်နှစ်ပြည့်တဲ့ အချိန်မှာတော့ အမျိုးသမီးက တစ်နှစ်ပြည့် အထိမ်းအမှတ် လက်ဆောင်တစ်ခုပေးဘို့ ဘုရားကျောင်းမှာ ပွဲတော်သွားဝင်ဖို့ တောင်းဆိုတယ်။

ယခင်ကလည်း လစဉ် ပထမ အပါတ်တိုင်း ဘုရားကျောင်းသွားဖို့ အမျိုးသမီးက ခေါ်ခဲ့ပေမဲ့ သူ အတူ တွဲသွားချင်တာက အခြားတစ်နေရာ ဖြစ်နေတယ်။ ဒါကြောင့် sunday ဆို လုပ်ခ နှစ်ဆရတဲ့ အလုပ်ကို ဘယ်တော့မှ မပျက်ကွက်စေခဲ့ဘူး။ အမျိုးသမီး သိရသလောက် ဘုရားကျောင်းလည်း တစ်နှစ်ပတ်လုံး တစ်ခေါက်မှ မသွားပါဘူး။ အမည်ခံ ခရစ်ယာန် မဟုတ်ဘဲ ခရစ်ယာန်ကြီး ဖြစ်နေတာ တစ်နှစ် တင်းတင်းပြည့်မှ မျက်ဝါး ထင်ထင် သိရတယ်ဆိုပဲ။ အမျိုးသမီးလည်း ဖယောင်းတိုင်မီးလို ကိုယ်တိုင် အလောင်ခံကာ ထိုလူအတွက် အလင်းပြ ခဲ့ပေမဲ့ “လူကို မျှားသော တံငါ” မဖြစ်ပဲ “တဏှာကို မျှားသော လူ” ဖြစ်ခဲ့ရပါတယ်။

လုကာ ၅း၄ ရေနက်ရာ အရပ်သို့ ရွှေ့ဦးလော့။ ပိုက်ကွန်ကို ချ၍ ငါးကို အုပ်စမ်းလော့ဟု ရှိမုန်အား မိန့်တော်မူ၏။ အထက်ဖေါ်ပြပါ နှစ်ဦးရဲ့ ယုံကြည်ခြင်းက အကျင့် မပါသော ယုံကြည်ခြင်း လို့ ခံယူကြရအောင်။ ကျွန်မတို့တွေ အကျင့် မပါသော ယုံကြည်ခြင်းနဲ့ ဘယ်လို ရှေ့ဆက် အသက်ရှင်ကြမလဲ။ ပေတရု၊ ယာကုပ်နဲ့ ယောဟန် တို့ ယေရှုနောက်ကို လိုက်ကြတဲ့ ဥပမာကို ဆင်ခြင်ကြည့်ကြပါစို့။

ယေရှုက ရှိမုန်ကို “မကြောက်နဲ့ ခုချိန်ကစပြီး သင်ဟာ လူတွေကို ဖမ်းတဲ့ သူဖြစ်ရမယ်။ ငါးကို ဖမ်းတဲ့သူ မဟုတ်တော့ဘူး”လို့ မိန့်တော်မူခဲ့တယ်။ သူတို့ဟာ အရာ အားလုံးကို စွန့်ခဲ့ပြီး ယေရှုနောက်ကို လိုက်ကြပါတယ်။

ဓမ္မသီချင်းလေးတစ်ပုဒ်က “လူကို မျှားသော တံငါဖြစ်ရအောင် မူဟောင်း ကျင့်ဆိုးလေးကို ပြင်လိုက်အုံး၊ ပြင်စရာ လေးများ ပြင်ပြီးခဲ့ရင် ရေနက်ထဲ ရွှေ့လိုက်အုံး” လို့ ဆိုထားပါတယ်။ အယောက်စီတိုင်း ခရစ်တော် စကားကို နားထောင်လျှက် လူကိုမျှားသော တံငါ ဖြစ်ကြပါစို့။

။ **Mary** (ဖျာပုံ)

---

## သက်သေခံချက် ( life )

(စင်ကာပူရောက် အိမ်ဖော်လေးတွေကို သနားတတ်သူတွေအတွက်၊ အိမ်ဖော် တွေထက် ပိုသနားဖို့ ကောင်းတဲ့ စင်ကာပူ နိုင်ငံသား အိမ်ရှင် တစ်ယောက် အကြောင်းကို အိမ်ဖော်လေးတစ်ဦးက တဆင့် ရေးသားတင်ဆက်ထားပါသည်)

ဆာလံ ၇၁း ၁–၆၊ ရှားရဲ့ ဘဝအသက်တာမှာ ငယ်ရွယ်စဉ်မှစ၍ ယခုတိုင် ကြုံတွေ့ဖြတ်သန်း ခဲ့ရတဲ့ အကြောင်းအရာတွေကို ပြန်လည်စဉ်းစား ဆင်ခြင်မိတဲ့ အခါမှာ ဘုရား သခင်၏ ကြီးမားသော မဟာမေတ္တာဂရုဏာနဲ့ ကျေးဇူးတော်တွေဟာ ရေတွက် ချီးမွမ်းလို့ကို မဆုံးနိုင်တော့အောင်ပါပဲ။ ရှားက စကာ်ပူ နိုင်ငံသူ တရုတ် လူမျိုးပါ။ ရှားရဲ့ မိဘများက ယုံကြည်သူ ခရစ်ယာန်များဖြစ်ကြပါတယ်။ ရှားမိဘများမှာ ရှားအပါ အဝင် သားသမီး ရှစ်ယောက် ရှိတယ်။ ရှားဟာ မိခင်က အထက် မောင်နမ ၇ယောက်နဲ့ နှစ်တော်တော်လေး ခြားပြီးမှ မွေးခဲ့တဲ့ နောက်ဆုံး အငယ်ဆုံး လေးပါ။ ရှားအစ်ကို အကြီးဆုံးတောင်မှ အိမ်ထောင်ကျပြီး သားတစ်ယောက်မွေးပြီး တစ်နှစ်ကြာမှ ရှားကိုမွေးတာဆိုတော့ ရှားရဲ့ တူက ရှားထက် တစ်နှစ်တောင် အသက်ကြီးနေသေးတယ်။ ဂျပန်ခေတ်ပြီးတော့ ရှားမိဘများဟာ လက်လုပ်လက်စား ဆင်းရဲသားဖြစ်ပြီး၊ သားသမီး ကများ၊ အရွယ်ရောက်သူများက တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင် ခွဲသွားတော့ ရှားဘဝမှာ မိဘမေတ္တာကို သူတို့ မြေးတွေနဲ့ ဝေမျှခွဲဝေ ခံစားရသူ။ မိဘ မေတ္တာ မဝ တဝ ရခဲ့သူလေးပေ့ါ။

အိမ်ထောင် မကျတော့တဲ့ အစ်ကိုနဲ့ အစ်မ ကျပြန်တော့လည်း အစ်ကိုက သူ့အလုပ်နဲ့ သူ သောက်သောက်စားစား၊ ချီးကျရာ ပျော်၊ နေချင်ရာ နေ၊ တစ်ခါ တစ်လေ အိမ်ပြန်လာတော့လည်း မူးမူးရူးရူးနဲ့ မိဘများနဲ့ ပူညံပူညံ။ ရှားက အသည်းငယ် ကြောက်တတ်သူမို့ ဒီလိုအချိန်တွေဆို နံရံနဲ့ ဘီဒိုကြားထဲ ပုန်းနေခဲ့ရတယ်။ ဒီလို အစ်ကို ပြန်မလာတာပဲ ကောင်းတယ်လို့ မှတ်ချက် ချမိအောင်အထိပါပဲ။ တစ်ဦးထဲ ရှိတဲ့အစ်မ (တတိယမြောက်မွေးဖွားသူ) က ဆေးရုံ ကြီးတစ်ရုံမှာ သူနာပြုဆရာမကြီးဖြစ်ကာ တစ်ကိုယ်ကောင်း ဆန်လွန်းအားကြီးစွာပဲ သူ့ဖာသာအိမ်ဝယ်ခဲ့တယ်။ (မိဘများ အမည်နဲ့) တိုက်ခန်းက ကြိုက်ရင် ပြန်ရောင်း တစ်နေရာရွှေ့၊ ဟိုရွှေ့ဒီရွှေ့နဲ့ သူ တစ်ယောက်တည်း သူ့စိတ်ကြိုက် နေသူဖြစ်နေခဲ့တယ်။ မိဘများလည်း စိတ်ထိခိုက်၊ ရှား ကိုယ်တိုင်လည်း အစ်မဆီ phone ခေါ်ပြီး အသနားခံခဲ့သော်လည်း အစ်မ ကတော့ ပိုနေမြဲကျားနေမြဲ အတ္တကြီးမြဲပါပဲ။ ရှားမှာလည်း ဒီအရာတွေအတွက် မျက်ရည်နဲ့ ဆုတောင်းရတာ အကြိမ် ကြိမ် အလီလီ။ ဒီလိုနဲ့ ဖခင်ကြီးဆုံးပါးသွားခဲ့ချိန် သားအမိ နှစ်ယောက်တည်း ကျန်ခဲ့တော့ ဘာပဲဖြစ်ဖြစ် ရှားကိုယ်တိုင် အသက်မွေးဝမ်းကျောင်း အလုပ်ရှာ လုပ်ပြီး မိခင်ကြီးနဲ့အတူ နေခဲ့ရာက ရှားတို့မြို့ထဲကအိမ်ကို အစိုးရက သိမ်းတော့ နောက်ထပ် အိမ်ထပ်ဝယ်လို့မရတော့ (အိမ်ထောင် ကျသူများသာ အိမ်ဝယ်လို့ ရ) မဖြစ်မနေ အစ်မနဲ့ပဲ အတူတူနေရဖို့ အကြောင်းဖန် လာတယ်။ ဒါက ကျေးဇူးတော် ချီးမွမ်းစရာပါပဲ။ ဒါပေမယ့် သားအမိ ၃ယောက် အတူတူ နေရချိန်မှာ အစ်မမှာ အစာအိမ် ကင်ဆာကို စတင် ခံစားနေရပြီလေ။ တစ်နှစ်လောက် သားအမိ နှစ်ယောက် အစ်မကို ပြုစုပေးလိုက်ပြီး တစ်ကိုယ်ကောင်းဆန်တဲ့ အစ်မ လည်း ဆုံးသွားခဲ့ပြန်တယ်။

၂ပေ ၅း၇ ။ ရှားတို့သားအမိ နှစ်ယောက်ထဲ ရှိနေရာက မိခင်ကြီးလည်း ကိုးမား ရောဂါကို ခံစားရပြန်တော့ ရှားမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ။ အစ်ကိုတွေမှာ လည်း သူတို့အိမ်ထောင်နဲ့သူတို့၊ သာရေး သမီးရေးကိုယ်စီနဲ့ အနီးကပ်လာရောက် မပြုစုနိုင်ကြတော့ ရှားပဲ အလုပ်ထွက်ပြီး မိခင်ကြီးနံဘေးမှာ အချိန်ပြည့်ကြည့်ရှုပြုစုခဲ့ရတယ်။ အဖဘုရားသခင်ဆီ ရှား မျက်ရည်ကျ ငိုကြွေးလျှက် ဒူးထောက်ဆုတောင်းရုံမှအပ အားကိုးစရာမရှိ၊ တွယ်တာစရာမရှိခဲ့။ (ရှားရဲ့တွေ့ ကြုံခံစားရတဲ့ ဒုက္ခ ဆင်းရဲမှုတွေ၊ ဝမ်းနည်းပူဆွေးမှုတွေကို မျှဝေခံစားအားပေးမယ့်လူ နတ္ထိနဲ့ နေ့ရက်လပေါင်းများစွာ ကုန်လွန်သွားခဲ့တယ်။ မိခင်ကြီး ခြောက်နှစ်ကျော်ကျော် ဝေဒနာကို ခံစားရင်း ဆေးရုံကို တက်လိုက်ဆင်းလိုက် အိမ်နဲ့ ဆေးရုံ အိမ်ဦးနဲ့ ကြမ်းပြင်လို ရှိခဲ့ရာ အသက် ၈၄နှစ်မှာ ဆုံးပါး သွားခဲ့ပါတယ်။ ရှားရဲ့ဘဝမှာ အစ်ကို တွေရှိခဲ့ပေမယ့် တစ်ကောင်ကြွက်လို မျက်နှာငယ် ခဲ့ရတယ်။ ဒီအမှုတွေကို ဘုရားသခင်လက်ထဲမှာ အပ်နှံရင်း ဆုတောင်း ရင်းနဲ့ အဖဘုရားသခင်ကို မေးမိ တာလည်း အခါခါပဲ။ ဒီမိသားစုမှာ နောက်ဆုံးပိတ် မွေးခဲ့ရပြီး ဒုက္ခပေါင်းများစွာကို ဘာဖြစ်လို့ သိမ်းကြုံးခံစားခဲ့ ရတာလဲလို့ပေ့ါ)။

ဒီလိုနဲ့ အမေ ဆုံးပြီးတဲ့နောက်မှာ အိမ်ထောင်မကျတဲ့ အစ်ကိုက ရှားနဲ့ အတူ လာနေခဲ့ပါတယ်။ ဒါပေမယ့် သူကိုယ်တိုင်မှာလည်း ကျောက်ကပ်အားနည်းခြင်း ရောဂါကို နှစ်ပေါင်း နှစ်ဆယ် ကျော်ခံစားပြီးလို့ ရောဂါသက် ရင့်နေခဲ့ပြီး အလုပ် မလုပ်နိုင်တော့တဲ့ အခြေ အနေကို ရောက်နေခဲ့ပြီး ရှား အလုပ် မနက်ကို ၇း၃၀အိမ်က

"စာချစ်သူများအတွက်" – – ခရစ်ယာန် စာရေးဆရာများ ဖြစ်ကြသော (ဆိုး၊ မင်းအောင်သက်လွင်၊ ကိုမေတ္တာ(သင်းအုပ်ဆရာ)) တို့ သုံးဦး ပူးပေါင်း ရေးသားသည့်
"နားထောင်၊ ကောင်းကင်သားကြွေးကြော်" ခရစ္စမတ် အထူး စာမူများ စာအုပ် တစ်အုပ် လျှင် ၂ ဒေါ်လာ ဖြင့် ဝယ်ယူရနိုင်ပါသည်)



ထွက်ရတော့ မသွားခင် အစ်ကို ရောဂါသည်စားဖို့ ချက်ပြုတ်ပြင်ဆင်ပေးခဲ့ပြီး နေ့ခင်းဘက်တွေမှာ လှမ်း ဖုန်းဆက်လို့ အားပေးစကားပြောရင်း ရှစ်နှစ်ကျော် ကြာလာခဲ့ပြီလေ။ (ရှားတို့ မောင်နှမ နှစ်ယောက်က အသက်က အနှစ်၂၀ နီးပါး ကွာတယ်)

ရှားရဲ့ ဘဝမှာလေ သူများတကာတွေလို နုပျိုတဲ့ လူငယ်တို့ သဘာဝ ချစ်သူရည်းစားထားလို့ အတူသွား၊ အတူလာ၊ အတူစား ဘဝ၊ ကလူ၏သို့ မြူ၏သို့ ဆိုတဲ့ ဘဝကို မတွေ့ကြုံ မခံစားလိုက်ရဘူး။ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေနဲ့ လည်ပတ် ပျော်ရွှင်ခြင်းဆိုတာ ဘာမှန်းတောင် မသိလိုက် ရပဲနဲ့ ရှားရဲ့ငယ်ရွယ်နုပျိုချိန် တွေကို မိဘ ညီအစ်ကိုမောင်နှမများကို ပေးဆပ်ခဲ့ရတာ အခုဆိုရင် ရှား အသက်လည်း ရွှေရတု တိုင်ခဲ့ပါပြီ။ ရောဂါသည် အစ်ကိုကြီးကို ဆက်လက် ပြုစုနေရင်း အိမ်နဲ့ အလုပ်၊ အလုပ်နဲ့ အိမ်ထဲမှာ ချာလပတ် လည်နေရတော့တယ်။ အစ်ကိုကြီးလည်း အသက်ကကြီးလာ ရောဂါအခြေအနေ ကလည်း ရင့်သထက် ရင့်လာ အစာကို ကောင်းကောင်း မစားနိုင်တော့ အိမ်နဲ့ ဆေးရုံ၊ ဆေးရုံနဲ့ အိမ် တက်လိုက်ဆင်းလိုက်နဲ့ ရှားပဲ ဒုက္ခ ရောက်ရတယ်။ (ဆေးရုံ စားရိတ်ကလည်း ကြီးတယ်)။ အိမ်ကနေ အလုပ်၊ အလုပ်ကနေ ဆေးရုံ၊ ဆေးရုံကနေ သန်းခေါင်မှ အိမ်ပြန် ရောက်။ ဆိုတော့ ကြာလာတော့ ရှား မခံနိုင်တော့ဘူး။ ကိုယ်တိုင်လည်း တပိန်ပိန် တလိမ်လိမ်နဲ့ ဖြစ်နေပြီ။ ကိုယ့်ကိုကိုယ် သတ်သေချင် လောက်အောင် စိတ်ပျက်မိတယ်။ နေ့တိုင်း ဘုရားသခင်ဆီမှာ ဆုတောင်းရတော့တယ်။ "ရှား အတွက် ကူညီမယ့်သူ လိုအပ်နေပြီ၊ ဘုရားသခင် ရှားတို့နဲ့ သင့်တော်မယ့် သူကို လွှတ်ပေးပါလို့"။

ရှား အတွက် လူပိုခေါ်ပြီး ကျွေးဖို့မွေးဖို့၊ လခပေးဖို့လည်း လိုအပ်တယ်။ ဒါကိုလည်း အဖဘုရားသခင် ပြင်ဆင်ပေးပါ။ ဘာလုပ်ရမလဲဆိုတာ ကိုလည်း လမ်းပြပို့ဆောင်တော်မူပါလို့ နေ့ရက်ပေါင်းများစွာ လူးလိမ့်လို့ ငိုကြွေးလို့နေခဲ့ရတယ်။ အဖဘုရားသခင်ဟာ ရှားရဲ့ ဆုတောင်းသံကို ကြားတယ်။ ငိုကြွေးမှုနဲ့ ဒုက္ခဆင်းရဲတွေကို မြင်တယ်။ ရှားကို အကောင်းဆုံး ကူညီပေးခဲ့တယ်လေ။ ရှား အစ်ကိုက အစာ မစားနိုင်တော့ အားနည်းပြီး လမ်းမလျှောက်နိုင် တော့ဘူး။ Wheel chair ကိုသုံးရတယ်။ ကျောက်ကပ်ဆေးဖို့ ဆေးခန်းကို တစ်ပတ်မှာ တစ်ရက်ခြားနဲ့ တစ်ပါတ်ကို သုံးရက် သွားရတယ်။ ဒီအတွက် လူတစ်ယောက် အကူအညီ ရှိမှကို ဖြစ်မှာမို့လို့ပါ။ ရှား ဆုတောင်း မှားခဲ့သေးတယ်။ ဒီအစ်ကိုကို ဘုရားသခင် အမြန်ခေါ်ပါ၊ မခေါ်ရင် ရှား မခံစားနိုင်တော့လို့ ရူးတော့မယ်။ ဒါမှမဟုတ်ရင်လည်း ရှားပဲ အရင် သေလိုက်ပါ ရစေတော့လို့ ဘုရားသခင် အလိုတော်ကို ဝန်မခံမိပဲ ကိုယ့်ရဲ့ ခံစားချက်ကို ဦးစားပေး ဆုတောင်း ခဲ့မိသေးတယ်။ အဖဘုရား ရှားကို ခွင့်လွှတ်တော်မူပါ။ ဘုရားသခင် ရှားကို စောင့်ရှောက် ကူညီတာတွေကို ရှား သက်သေမခံပဲ မနေနိုင်လို့ ဒီသက်သေ ခံချက်ကို ရေးလိုက်ရတာပါ။

ရှားရဲ့ ဆုတောင်းသံကို အဖဘုရား နားညောင်းတယ်။ ရှား ကိုယ်တိုင် သွားရောက် ရွေးချယ်ခေါ်ငင်စရာ မလိုပဲ ဘုရားသခင် ကိုယ်တော်တိုင် ပို့လိုက်တဲ့ ကူညီသူဟာ မြန်မာပြည်ကနေ ၂၀၀၇ ဖေဖေါ်ဝါရီ ၂၂ရက် ညနေမှာ ရှားရဲ့ အိမ်ကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာ ခဲ့ပါတယ်။ ရှားဘဝ ကြီးရင့်လာတဲ့သက်တမ်းကာလမှာ အဝေး တစ်နေရာက ရောက်လာသူ တစ်ဦးနဲ့ ကိုယ့်အကြိုက်ဆုံး မဟုတ်ပေမယ့် ဘုရား သခင် ပို့လွှတ်တဲ့ သူမို့ ရှားတို့ မောင်နှမ နှစ်ယောက်အတွက်တော့ တော်တော် လေး အဆင်ပြေ ခဲ့ပါတယ်။ ဘုရားသခင်ကို ချစ်ကြ သူချင်း၊ ယုံကြည်ကိုးစား သူချင်းမို့ သမ္မာကျမ်းစာပါ နှုတ်ကပါတ်တော်များကို ဆွေးနွေးတိုင်ပင်လို့ အားပေး ဖော် အားပေးဖက် ဖြစ်ခဲ့ရ တယ်။ တနင်္ဂနွေနေ့တိုင်း သူမ ကို church သွားခွင့် ပြုခဲ့တယ်။

ခြောက်သွေ့ အထီးကျန်ဆန်နေတဲ့ မည်သူမျှ မိတ်သဟာယဖွဲ့ခြင်း မရှိခဲ့ဘူးတဲ့ ရှားတို့ရဲ့ အိမ်ကို သူမရဲ့ စင်ကာပူရောက် မြန်မာတိုင်းရင်းသားပေါင်းစုံ အသင်းတော်မှ သင်းအုပ်ဆရာများ၊ အသင်းတော် လူကြီးများ၊ လာရောက်ဆုတောင်းပေး၊ အားပေးစကားပြောခြင်းများနဲ့ ခရစ်စမတ် သီချင်း များကိုလည်း လူငယ်များ လာရောက် သီချင်း ချီးမွမ်းရင်းနဲ့ ဘုရားသခင်ရဲ့ မေတ္တာကို ဝေမျှခံစားခြင်းများနဲ့မို့ ရှားတို့ မောင်နှမနှစ်ယောက် ဝမ်းမြောက်ဝမ်းသာ ကြည်နူး ပျော်ရွှင်ခဲ့ရပါတယ်။ သူမရဲ့ အသင်း တော်မှ love give ပေးခြင်းများအပြင်၊ အမျိုးသမီး မိဿဟာယ၊ လူငယ် မိဿဟာယ အဖွဲ့တို့မှလည်းကောင်း၊ ဗုဒ္ဓဟူး ဆုတောင်းခြင်း အစီအစဉ်မှ လည်းကောင်း ရှားတို့အတွက် ဆုတောင်းပေးကြကြောင်းကိုပါ သိခဲ့ရပါတယ်။ ထိုသူ အယောက် စီတိုင်းကို ရှား ရင်ထဲကနေ လှိုက်လှိုက် လှဲလှဲ ကျေးဇူးတင်မိ ပါတယ်။ နိုင်ငံ ရပ်ခြားမှ လူမျိုးမတူ ဘာသာစကား ကွဲပြားသော်လည်း ရှားတို့တွေအားလုံးဟာ ဘုရား သခင်ရဲ့အိမ်တော်သားချင်း၊ မိသားစု ညီအစ်ကို မောင်နှမများ ဖြစ်ကြ တယ် ဆိုတာ ရှားကိုယ်တိုင် မျက်မြင် ကိုယ်တွေ့ မြင်ရကြားရလို့ ရှားရင်ထဲ နှလုံးသားထဲမှာ တကယ်ပဲ နှစ်သက်ကြည်နူး ဝမ်းမြောက် ခြင်းတွေကို ခံစားခဲ့ရတယ်။ ဒါတွေဟာ အဖဘုရားသခင်ရဲ့ လက်ရာတော်၊ ကျေးဇူးတော်တွေပဲမို့ ရှားလေ ကျေးဇူးတော်၊ မေတ္တာတော်တွေကို ရေတွက်ချီး မွမ်းရင်း စာဖတ်သူ အယောက်တိုင်းကိုလည်း သက်သေခံ ဝေမျှလိုက်ပါတယ်။ အယောက်စီ တိုင်းရဲ့ အသက်တာမှာလည်း ကိုယ်တိုင်ခံစားရတဲ့ ဘုရားသခင် ထံမှ ကောင်းကြီးမင်္ဂလာ ကျေးဇူးတော်များဖြစ်တဲ့ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်းများကို ရှားလိုပဲ သက်သေခံ ဝေမျှခြင်း အားဖြင့် ရောက်လေရာ အရပ် တစ်ထောင့်တစ်နေရာမှာ အုတ်တစ်ချပ် သဲတစ်ပွင့် အဖြစ် ဘုရားသခင်၏ နိုင်ငံတော်အတွက် လုပ်ဆောင်သူများ၊ ဘုရားသခင်ရဲ့ ဘုန်းတော် တန်ခိုးတော် ကို မိမိအသက်တာထဲမှာ ထင်ရှားစေသောသူများ ဖြစ်ကြရအောင် လို့လည်း တိုက်တွန်းနှိုးဆောင်လိုက်ပါတယ်။ အားလုံးကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ ရှားဘဝ စွန့်လွှတ်ခြင်းတွေများစွာ၊ ပေးဆပ်ခြင်းတွေ များစွာ ထဲမှာ ဘုရားသခင်ပြုပေးသော ဘုန်းတန်ခိုးတော်ကို ထင်ရှားစွာမြင်တွေ့ရပါတယ်။

(ဝန်ခံချက်။ ရှား ကိုယ်တိုင် ပြောပြတဲ့ ခံစားရ ဘဝအဖြစ်အပျက်များကို life မှ ရှား ကိုယ်စား ရေးဖွဲ့ခြင်း ဖြစ်ပါသည်။ May 2009) **Life**

---



## အချိန်ဆယ်ဖို့တစ်ဖို့ Blessing Rain and Blessing Snow

ဆာလံ ၁၂၁း၁။ ယခုလို သက်သေခံခွင့်ကို ပြင်ဆင်ပေးသော ဘုရားရှင်ကို အထူး ကျေးဇူးတင်ပါတယ်။ လူတိုင်းဆုတောင်းတတ် ကြတယ်လို့ ကျွန်ုပ်ထင်ပါတယ်။ ကျွန်ုပ် ကိုယ်တိုင်လည်း တောင်းပြီးရင်း တောင်းနေတာ တစ်ခါတစ်ခါ ဘုရားရှင် ပေးသနားနေတဲ့ ကျေးဇူးတော်ကို ကျေးဇူးတင်ဖို့ မေ့နေပါတယ်။ ကျွန်ုပ်တို့ကို တောင်းဖို့ပဲ ဘုရားရှင်က ပြောထားတာ မဟုတ်ပါဘူး။ ပေးတတ်ဖို့ (ဆက်ကပ်ခြင်း)ကိုလည်း မှာထားပါတယ်။ ဘဝမှာ ပိုင်ဆိုင်သမျှရဲ့ ၁၀ပုံ ၁ပုံဟာ ဘုရားရှင် အပိုင် ဖြစ်ကြောင်းလည်း ပြောထားပါတယ်။ ကျွန်ုပ် သတိထားမိတယ်။ ဘုရားရှင် လူသားတိုင်းအပေါ် တူညီတဲ့၊ မျှတတဲ့ အရာတစ်ခုကို ပိုင်ဆိုင်ဖို့ရာ အဖြစ် ပေးထားပါတယ်။ ဆင်းရဲသူ၊ ချမ်းသာ သူ၊ ဖြူသူ၊ ကောင်းသူ၊ မကောင်းသူ၊ သိသူ၊ မသိသူ ထိုသူတိုင်းအတွက် တူညီတဲ့ ပိုင်ဆိုင်ခြင်း တစ်ခုကို ဘုရားရှင်ပေးထားပါတယ်။ ထိုအရာဟာ ၂၄နာရီဆိုတဲ့ အချိန်ပဲ ဖြစ်ပါတယ်။ ထိုအချိန်ကို ၁၀ဖို့၁ဖို့ပေးဖို့ သတိထားမိမယ်ဆိုရင် ကျွန်ုပ်လိုပဲ ဘဝရဲ့ အချိန် နာရီတွေဟာ ပျော်ရွှင်ခြင်းနဲ့ ပြီးပြည့်စုံလာမှာဖြစ်ပါတယ်။

ကျွန်ုပ်ဘဝမှာ ပထမဆုံးနဲ့ ပြီးပြည့်စုံတဲ့ စိတ်ခံစားချက်၊ ငြိမ်သက်ခြင်းတွေရရှိခဲ့တာဟာ ဒီအချိန်ကို ၁၀ဖို့၁ဖို့ ဆုတောင်းဆက်ကပ်ခြင်းကြောင့်ဖြစ်ပါတယ်။ ကျွန်ုပ်နှင့် သူငယ်ချင်း (Blessing & Snow) တို့ နေ့တိုင်းဖုန်းနဲ့ ကျေးဇူးတော် ချီးမွမ်း သက်သေခံ လေ့ရှိပါတယ်။ တနေ့မှာ သူငယ်ချင်းက ပြောပါတယ်။ အချိန်ကို ၁၀ဖို့၁ဖို့ ဆက်ကပ်ဖို့ ၅.၂.၀၉ မှာစတင်ခဲ့ပါတယ်။ တစ်ပတ်ကြာတဲ့အခါမှာ ကျေးဇူးတော်တွေ ဟာ အံ့သြဖွယ်ရာ ဘဝထဲကို ထူးခြားစွာရောက်ရှိလာပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမား ဘဝရဲ့ ကွာခြားမှုအမျိုးမျိုးဟာ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကြောင့်၊ ၁၀ဖို့ ၁ဖို့ ဆုတောင်းဆက်ကပ်ခြင်းတို့ကြောင့် ပြောင်းလဲခဲ့ပါတယ်။ စက်ရုံမှာရှိတဲ့ အလုပ်သမား တိုင်း ကြုံဆုံရသလိုမျိုးတွေပေ့ါ။ လူရာ မဝင်တဲ့ ကျွန်ုပ်တို့ဘဝဟာ လူလိုမြင်ခြင်းကို ခံရတယ်။ ကဲ့ရဲ့ အပြစ်တင်ရာမှ ချီးမွမ်းဂုဏ်ဖော်ပေးခြင်းကို ရရှိခဲ့တယ်။ မတရား ဒေါသတွေမှ ချစ်ခြင်းမေတ္တာတွေ ရရှိလာတယ်။ ဘုရားရှင် တကယ့်ကို အသက်ရှင်လျှက် ကျွန်ုပ်တို့နဲ့ အတူရှိနေတယ်ဆိုတာ အကြွင်းမဲ့ယုံကြည်ထားပါ။ ဘုရားရှင်ရဲ့ သားသမီးတချို့ဟာ တစ်ခါတစ်လေမှာ မဝအောင် စားရပေမယ့် မငတ်ခဲ့ပါဘူး။ တစ်ခါတစ်ရံမှာ မလှပေမယ့် လည်း ရှက်ဖွယ် မဖြစ်ခဲ့ပါဘူး။ ဒါဟာဘုရားရှင်ရဲ့ ကြီးမြတ်တဲ့ သနားခြင်းကို ရရှိနေသေးလို့ ဖြစ်ပါတယ်။ ဘုရားရှင် ကျွန်ုပ်တို့ရဲ့ ဆုတောင်းသံနဲ့ ဆက်ကပ် ပူဇော်ခြင်းကို စောင့်နေတဲ့သူပါ။ သင်ဘာပေးမှာလဲ၊ ဘယ်လို ယုံကြည်ချက်နဲ့ပေးမှာလဲ ဆိုတာအရေးကြီးပါတယ်။ ကျွန်ုပ်တို့ပေးသမျှကို လက်ခံပြီး ကျွန်ုပ်တို့ဖို့ အသုံးပြုမှာပါ။ အချိန်ကို ၁၀ဖို့၁ဖို့ ဆက်ကပ်ဆုတောင်းရာမှ ကျန်တဲ့အချိန်နာရီအားလုံးဟာ ကောင်းကြီး မင်္ဂလာအချိန်ဖြစ်သွားတယ်။ ထို့ကြောင့် ကောင်းကြီး မင်္ဂလာအချိန်ဖြစ်လို့ ဘယ်လို နှောင့်ယှက်ခြင်းမှ ကျွန်ုပ်တို့ကို ဝင်ရောက်ဖျက်ဆီး နိုင်စွမ်းမရှိတော့ပါဘူး။ ခုတော့ ကျွန်ုပ် မနှစ်သက်တဲ့အရာတိုင်းဟာ ပျော်ရွှင်ခဲ့ပါပြီ။ ကျွန်ုပ်တို့ကို မနှစ်သက်တဲ့ သူတွေဆီမှ ချစ်ခြင်းကို ရရှိခဲ့ပါပြီ။ အံ့သြဖွယ်ရာနဲ့ ပြောင်းလဲခြင်းဆိုတာ ဘုရားရှင် တစ်ပါးတည်းသာလျှင် လုပ်ပေးနိုင် ပါတယ်။ အကြွင်းမဲ့ အားကိုးမျှော်လင့်ပါ။

ကျွန်ုပ်တို့ ၁၀ဖို့ ၁ဖို့ အချိန်ကို ဒီလိုဆက်ကပ်ဆုတောင်းပါတယ်။ အိပ်ယာထချိန်မှစ၍ အလုပ်တာဝန်စတင်တဲ့ မနက်စောစောကို စတင် ဆက်ကပ်လိုက်ပါတယ်။ ထိုအချိန် ၂နာရီနဲ့ မိနစ်၄၀အတွင်း လုပ်ဆောင်သမျှဟာ တာဝန်မဟုတ်ဘူး။ ဘုရားအတွက် ဆက်ကပ်ထားတဲ့အချိန် ဖြစ်တဲ့အတွက် ဘုရားရှင် မျက်နှာထောက်၍ အလုပ်

လုပ်ပါတယ်။ စိတ်မှာတော့ (ဆာလံသီချင်း၊ ကောင်းကင်ဘုံ မေတ္တာ တို့ကို ဆို၍ လုပ်ပြီး ဆက်ကပ်ဆုတောင်းပါတယ်။

ဒီသက်သေခံချက်ကို စာဖတ်သူတွေ ဖတ်မိတဲ့အခါ ကြိုးစားပြီး ပြုလုပ်စေချင်ပါတယ်။ ခံစားရ ကောင်းကြီးမင်္ဂလာတွေကို ဘုရားရှင် ဘုန်း၊ ဂုဏ်တော်အတွက် ဝေမျှ စေချင်ပါတယ်။ အချိန်တိုင်းမှာ ဘုရားရှင် ကျွန်ုပ်တို့ကို အလိုရှိ အသုံးပြုနေပါတယ်။ အယောက်စီတိုင်းကို ဘုရားရှင်ကောင်းကြီး ပေးပါစေလို့ ဆုတောင်းလိုက်ပါတယ်။ အာမင်။ Blessing Rain and Blessing Snow

---

## သက်သေခံဝေမျှပါရစေ မိုင်ဝါဝါအောင်

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်တွေ ချီးမွမ်းပါတယ်။ သခင့်စကား စာစောင်ကို သူငယ်ချင်း တစ်ယောက်က ခွန်အားယူ ဖတ်ဖို့ ပို့ပေးခဲ့ပါတယ်။ စာစောင် ရတဲ့နေ့ဟာ ပထမဆုံး လစာရတဲ့နေ့ ဖြစ်လို့ ဝမ်းမြောက် ပျော်ရွှင်မှုများစွာ ခံစားရရှိခဲ့ပါတယ်။ စာစောင်ကို ဖတ်လိုက်ရတဲ့အခါ သက်သေခံခွင့်တွေရကြောင်းပါ သိရလို့ ဝမ်းမြောက်စွာနဲ့ ယခုလို သက်သေခံဝေမျှလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်မ ဒီစင်ကာပူ နိုင်ငံကို မလာခင် off day ရရင် ဘုရားကျောင်း တက်ပြီး အသက်တာမှာ ဘုရား သခင် ပြင်ဆင် ပေးသော ကောင်းကြီးမင်္ဂလာ ခံစားရရှိကြောင်း ကျေးဇူးတော်တွေ ချီးမွမ်းရင်း သက်သေခံမယ်လို့ စိတ်ကူးထားတာ ဒီနိုင်ငံလဲ ရောက်ရော အလုပ်ဝင် တော့ off day မရခဲ့ပါဘူး။ အဲဒီအတွက်ကြောင့် ဝမ်းနည်းခဲ့ရတယ်။ မြန်မာနိုင်ငံ ပြန်ရောက်မှ အားရပါးရ သက်သေခံရတော့မှာပေါ့လို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံ ပြန်သက်သေခံစရာ မလို၊ စင်ကာပူက ဘုရားကျောင်း သွားစရာမလိုဘဲ သခင့်စကား စာစောင်ထဲကနေ စာပေအားဖြင့် အခုလို သက်သေခံခွင့်တွေ ရတဲ့ အတွက် ကျေးဇူး အများကြီး တင်မိပါတယ်။ နိုင်ငံခြား ထွက်ကြပြီး သူလို ကိုယ်လိုတွေ ကြိုးစား ငွေရှာနေကြတယ်ဆိုတာ သိရတဲ့အချိန်မှာ "၀" ဖြစ်နေတဲ့ ကျွန်မ ဘ၀ တစ်ခု ကောင်းမွန်စွာ ရပ်တည်နိုင်အောင် ဘုရားသခင်အလိုရှိမယ်ဆိုရင် ပို့ဆောင် ပေးသနား တော်မူပါလို့ ၂၀၀၂ခုနှစ်မှာစပြီးယုံကြည်ခြင်းနဲ့ ဆုတောင်းအပ်နှံခဲ့ပါတယ်။ ကျွန်မရဲ့ အသက်တာ အကြောင်း အနည်းငယ်ဝေမျှပါရစေ။ လူ့လောကထဲ စရောက်တဲ့ အချိန် ကနေ အခုချိန်ထိ အဖေကို မမြင်တွေ့ခဲ့ဖူးပါဘူး။ အဲဒီအဖြစ်က ရင်ထဲမှာ ဝမ်းအနည်းရဆုံးပါပဲ။ အမေဟာ ကျွန်မ အသက်၅နှစ်မှာ အဖြစ်ဆိုးနဲ့ လောကထဲ ကနေ ထွက်ခွာသွားခဲ့တယ်။ အမေရဲ့ နောက်အိမ်ထောင်နဲ့ ညီမလေးတစ်ယောက် ချန်ခဲ့ပါတယ်။ ကျွန်မရဲ့ မအေတူ ဖအေကွဲ ညီမလေးမှာ အဖေ ရှိတဲ့အတွက် သူ့ဘ၀ သာယာအေးချမ်းခဲ့ပါတယ်။ ကျွန်မ ကတော့ မိဘမဲ့ အဖြစ်နဲ့ အဖိုးအဖွားတို့ရဲ့ ရင်ခွင်မှာ ခိုလှုံခဲ့ရပါတယ်။ ကျွန်မ အသက် ၁၁နှစ်အရွယ်မှာ အဖွား ခေါ်တော်မူခြင်းခံသွားရတယ်။ အဲဒီအချိန်မှာ အဖိုးရဲ့ရင်ထဲမှာ ဝမ်းနည်းမှုတွေနဲ့ ကျွန်မကို ဆရာဝန်မ တစ်ယောက်အိမ်မှာ မွေးစားသမီး အဖြစ်နဲ့ နေခိုင်းပြီး ကျောင်းနေခဲ့ရပါတယ်။ အဖိုးက ကျွန်မအတွက် အကောင်းဆုံး စီစဉ်ပေးပြီး ဘိုးဘွားရိပ်သာ ဝင်သွားရှာပါတယ်။ တစ်နေ့မှာတော့ အဘိုး ကျွန်မကို လာတွေ့ပြီး ပြောပြတယ် "အဖိုး ဘိုးဘွားရိပ်သာမှာ မနေချင်တော့ဘူး ဆွေမျိုးတွေနားမှာ နေပြီး အဖိုးတတ်တဲ့ ဆေးပညာနဲ့ ဆေးကုစားမယ်" အဖိုး အဖွားတို့ဟာ ရိုးသားလွန်းတဲ့ ဆေးဝန်ထမ်း တိုင်းရင်းသား ခရစ်ယာန်တွေပါ။

ကျွန်မ အဖိုးရဲ့ အခြေအနေကိုသိနေတယ်။ အဖိုးမှာ ဝမ်းနည်းကြေကွဲစရာတွေ များခဲ့တာ ကြောင့် စိတ်က ကလေးတစ်ယောက်လိုပဲ ဖြစ်ချင်နေတာ။ ဒါကြောင့် ကျွန်မ ကျမ်းစာအုပ် ကိုင်ပြီး ဆုတောင်းတယ်။ တစ်နေ့မှာ အဖိုးက ဆရာဝန်မ ထံမှာ ခွင့်တောင်းပြီး ကျွန်မကို ပြန်လာခေါ်တယ်။ ကျွန်မရဲ့ ယုံကြည်ခြင်းနဲ့ ဆုတောင်းသံကို ဘုရားသခင် နားညောင်း အဖြေပေးခဲ့ပါတယ်။ အဖိုးနဲ့အတူ ပြန်နေရလို့ အရမ်းပျော်မိခဲ့တယ်။ ကျွန်မ ၁၆နှစ်မှာ အလုပ်စလုပ်ပြီး ငွေရှာခဲ့တယ်။ အဖိုး ဘာမှမပူနဲ့ သမီး လုပ်ကျွေးမယ်လို့ ပြောပြခဲ့တယ်။ တနေ့မှာ အဖိုးပင်စင် သွားထုတ်ဦးမယ်ဆိုပြီး ထွက်သွားတာ အခုချိန်ထိ အဖိုးရဲ့ သတင်းကို အတိအကျ ကျွန်မ စုံစမ်းလို့မရခဲ့ပါဘူး။ သေသလား ရှင်သလား ဆိုတာလည်း အတိအကျ မသိရပါဘူး။ ကျွန်မ ဘ၀မှာ ဝမ်းနည်းစရာ အဖြစ်ဆိုးတွေ အများကြီးပါပဲ။ ဒါပေမယ့် ဘုရားသခင် ကျွန်မ အနားမှာ ရှိနေပါတယ်။ အရွယ်နဲ့ မလိုက်အောင် ဘ၀ပင်လယ်ပြင်ကို ခဲယဉ်းကြေကွဲစွာ လျှော်ခတ်ရင်း ဘ၀ရဲ့ မေးခွန်းပုစ္ဆာတွေကို ဖေးကူမယ့် သူမရှိပဲ ဖြေဆိုခဲ့ရပါတယ်။ တစ်ခါတစ်လေ မဖြေဆိုနိုင်တဲ့ မေးခွန်းတွေရှိတဲ့ အချိန်အခါမျိုးမှာဆိုရင် ကျွန်မ စိတ်တွေ ပြိုလဲမတတ် လောကကြီးကို အရှုံးပေးလိုက်ချင်မိတယ်။ ဘုရားသခင်က မိဘမဲ့ ဖြစ်တဲ့ ကျွန်မကို စွန့်ပစ်မထားခဲ့ပါဘူး။ (ရှင်ယောဟန် ၁၄း၁၈,၁၉) ဒီကျမ်းချက်က ကျွန်မအတွက် ပြည့်စုံခဲ့ပြီ။ ဘုရားသခင်ကို မြင်တွေ့ခဲ့ ရပါတယ်။ ၂၀၀၄–၂၀၀၆ ခုနှစ် တွေမှာ အခက်အခဲ ဒုက္ခတွေ များလွန်းလို့ မျက်ရည်တွေကျခဲ့ရတာ အရမ်းပါပဲ။ ဘုရား သခင်ထံ ယုံကြည်ခြင်းနဲ့ အရာအားလုံး ခံနိုင်ရည်စွမ်း ပေးသနားတော်မူပါလို့ ဆုတောင်းပြီး ကျွန်မ အသက်ရှင်နိုင်ခဲ့ပါတယ်။ ပျော်ရွှင်နေကြတဲ့ မိသားစုတွေကို မြင်မိတိုင်း အဲဒီလို မိသားစုစုံတဲ့ ဘ၀ကို ပိုင်ဆိုင်ချင်မိတာ အမှန်ပါပဲ။ မေတ္တာငတ်မွတ်နေတဲ့ ကျွန်မကို လောကသားတွေဆီက နွေးထွေးတဲ့ မေတ္တာတရား မပိုင်ဆိုင်ရပေမယ့် ကြီးမားမြင့်မြတ်တဲ့ ဘုရားသခင်ရဲ့ နွေးထွေးကြင်နာမှု မေတ္တာ၊ ကောင်းကြီးပေးမှုတွေ အပြည့်အဝ ခံစားရရှိခဲ့ပါတယ်။ တခါတလေ တိုက်ဆိုင်မှုတွေ ရှိတဲ့အခါ ဝမ်းနည်းရပါတယ်။ အဒေါ်ဆီ ငွေပို့ဖို့ ဘဏ်ကနေ ဖုန်း ဆက်ပြီး ဘာတွေလိုအပ်ပါသလဲ လို့ မေးတဲ့အခါ "ညီမရဲ့ အဖေနာမည်၊ မှတ်ပုံတင်နံပါတ် အပြည့်အစုံဆို ရပါပြီ" လို့ပြောပြတော့ ကျွန်မ ဝမ်းနည်းခဲ့ရပါတယ်။ ကျွန်မရဲ့ နိုင်ငံခြားထွက်ပြီး ငွေရှာနိုင်ဖို့ ဆုတောင်းသံကို ၂၀၀၆ ခုနှစ် ကုန်ခါနီးမှာ ဘုရားသခင် အဖြေစပေးခဲ့တယ်။ ဆက်လက်ပြီး အကောင်းမွန်ဆုံးဖြစ်ဖို့ ယုံကြည်ခြင်းနဲ့ ဆုတောင်း၊ ကျမ်းစာဖတ်၊ နှိမ့်ချခြင်းတွေ ပြုလုပ်ပြီး အနှောက်အယှက်၊ အခက်အခဲ၊ ဒုက္ခများစွာနဲ့ ကျော်ဖြတ်ခဲ့ရတယ်။ (မဿဲ ၁၇း၂၀) မုန်ညင်းစေ့ လောက်သော ယုံကြည်ခြင်း ရှိမယ်ဆိုရင် သင်တို့မတတ်နိုင်သော အမှု မရှိပါလို့ ကျမ်းစာထဲမှာ ဖော်ပြထားပါတယ်။ ဒါကြောင့် မိတ်ဆွေတို့ တွေးတောခြင်း မရှိပဲ ယုံကြည်ခြင်းနဲ့ ဆုတောင်းကြည့်လိုက်ပါ။ အချိန်တန် ရင် ပေးသနားတော်မူပါလိမ့်မယ်။ ကျွန်မရဲ့ အသက်တာမှာ ကေန်အမှန် ခံစားရရှိ ကြောင်း ဝန်ခံဂတိ ပြု၍ ဝေမျှရခြင်းဖြစ်ပါတယ်။

ကျွန်မ လျှောက်လှမ်းခဲ့ရတဲ့ အသက်တာမှာ အတ္တ၊ မာနသမားတွေနဲ့ ကြုံတွေ့ရတယ်။ အဲဒီ အတ္တ၊ မာနသမားတွေရဲ့အသက်တာကို ပြန်ကြည့်လိုက်တဲ့အခါ ထိရောက်စွာ မအောင်မြင်မှုရှိနေတာတွေကို တွေ့ရတယ်။ ဒါကြောင့် မိတ်ဆွေတို့ရဲ့ အသက်တာကို ပြောင်းလဲမှုနဲ့ အသက်ရှင်ကြည့်လိုက်ပါ။ တစ်ပါးတည်းသော သားတော် ယေရှုရှင် ကိုယ်တော်မြတ်က နှုတ်တော်ဖွင့်၍ တပည့်တော်တို့အား ဆုံးမသြဝါဒ ပေးခဲ့သည့် နှုတ်တော် စကားမှာ ( စိတ်နှလုံးနှိမ့်ချသော သူတို့ သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံသည် ထိုသူတို့၏ နိုင်ငံ ဖြစ်၏။) ဒါကြောင့် ယုံကြည်သူ သားသမီး အယောက်စီတိုင်း နှိမ့်ချခြင်းတွေနဲ့ အသက်ရှင်ကြည့်လိုက်ပါ။ ကေန်အမှန် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတွေ ခံစားရရှိပြီး ကောင်းကင်နိုင်ငံတော်ဟာ ကျွန်မတို့ရဲ့ နိုင်ငံဖြစ်ပါလိမ့်မယ်။ ဒီလောက်နှင့် သက်သေခံဝေမျှရင်း အယောက်စီတိုင်းအပေါ် ဘုရားသခင် ကောင်းကြီးပေးပါစေ။ မိုင်ဝါဝါအောင်

---

## "လူသားတိုင်းအတွက် မေးခွန်း" နီနီခိုင်

ဒီကနေ့ ကမ္ဘာကြီးမှာ သမုဒ္ဒရာသဲလုံးနှင့် အမျှ လူများပြည့်နှက်၍ လှုပ်ရှားသွားလာနေ ကြပါတယ်။ အဲဒီအထဲမှာလည်း လှုပ်ရှားသွားတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ စာတန်ဖြစ်ပါတယ်။ ယောဘ ၁း၆–၇ "ဘုရားသခင်၏ သားတို့သည် ထာဝရဘုရား ထံတော်၌ ခစားခြင်းငှါ လာရသော နေ့ရက်အချိန်ရောက်လျှင်၊ စာတန်သည်လည်း သူတို့နှင့် ရောနှော၍ လာ၏။ ထာဝရဘုရားကလည်း သင်သည် အဘယ် အရပ်က လာသနည်းဟု စာတန်ကို မေးတော်မူလျှင်၊ စာတန်က မြေကြီးပေါ်မှာ လှည့်လည်၍ အရပ်ရပ်သွားလာခြင်း အမှုထဲက လာပါသည်ဟု ပြန်လျှောက်လေ၏"

ဒီစကားဟာ ဘုရားသခင်နဲ့ စာတန်ရဲ့ အမေးအဖြေစကား ဖြစ်ပါတယ်။ စာတန်ဟာ ကမ္ဘာပေါ် အရပ်ရပ်၌ သွားလာတဲ့ အမှုထဲက လာပါတယ်။ အကြောင်းမဲ့တော့ မဟုတ်ပါဘူး။ အာဒံနှင့် ဧဝဟာ သူ့ရဲ့ လက်ချက်ကြောင့် အပြစ်ထဲမှာ နစ်မွန်းပြီး အပြစ်တရားရဲ့ ချည်နှောင်ခြင်းအောက်မှာ ကျရောက် ခဲ့ရပါတယ်။ သူတို့အားဖြင့် ပွါးလာသော လူများကို ဘယ်လို ရှာဖွေနေသလဲဆိုရင် နှုတ်ကပါတ်တော်က "သင်၏ ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သော ခြင်္သေ့ကဲ့သို့ အဘယ သူကို ဝါးမျိုရမည်နည်းဟု လှည့်လည်ရှာဖွေလျက်ရှိ၏" ၁ပေ ၅း၈

စာတန်ဟာ ဘယ်သူ့ကို ဘာလုပ်ရမလဲ ဆိုတာကိုပဲ နိုင်ငံတကာ ပတ်ကာ သွားလာနေပါတယ်။ သူ့ရဲ့ အဓိက ရည်ရွယ်ချက်က ဘာလဲဆိုရင် "သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါ လာတတ်၏"ယော ၁၀း၁၀(က) စာတန်ဟာ ကျွန်မတို့တွေဆီမှာ ရှိတဲ့ ဘယ်အရာကို ခိုးယူသလဲဆိုရင် အချိန်၊ ဘဏ္ဍာ၊ စွမ်းအားများ ကိုပါ။ ကျမ်းစာ ဖတ်မဲ့ အချိန်မှာ TV ဇာတ်လမ်း ကားကောင်းနှင့်ခိုးယူ သွားတယ်။ အလုပ်များ ပိခြင်း၊ ဘာမျှ ဆုမတောင်းနိုင်အောင် အစရှိသဖြင့် ... ဘဏ္ဍာ ငွေကြေးမှာ ဆေးလိပ်၊ အရက်၊ ခေတ်ပေါ် ပစ္စည်းများကို အဆမတန် ခေတ်ဆန်အောင်လုပ်ခြင်းဖြင့် ဘဏ္ဍာ ကိုလည်း ခိုးယူပြီး။ စွမ်းအား နေမကောင်းလို့ မပါဝင်နိုင်အောင် နည်းမျိုးစုံနှင့် ဘုရား သခင်ကို မသိအောင် မြေကြီးပေါ်မှာ လှည့်လည်ပြီး ရှုပ်ယှက်ခတ်မှုများ ဖြစ်အောင် နောက်ဆုံးသူ့ရဲ့ အပေါင်း အပါတွေနဲ့ ကမ္ဘာကုန်ဆုံးသော တစ်နေ့တွင် ထာဝရ ပိုး မသေ မီးမငြိမ်းသော ငရဲမီးအိုင်ထဲမှာ အတူ ပါအောင် အဖေါ် ခေါ်နေခြင်း ဖြစ်ပါတယ်။

ကမ္ဘာဦးအစကတည်းက လူသားနှစ်ဦးရဲ့ နားမထောင်ခြင်းကြောင့် ဝေးကွာသွားတဲ့ ဘုရားသခင် သူ့ရဲ့ လူမျိုးတော်များ ပြန်လည်ရရှိရန်အတွက် နောက်၊ နောဧ၊ အာဗြဟံ၊ ယောသပ် အစရှိသော သူများကို ရွေးကောက်ခဲ့ပါသည်။ ဘုရားက ဖြစ်စေဆိုရင် ဖြစ်တဲ့ လောကကြီးကို ဘုရားအနေနဲ့ လာဖို့ရန် မဖြစ်နိုင်ပါဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ အပြစ်တွေနဲ့ ပြည့်နေတဲ့ လူသားတွေဟာ သန့်ရှင်းတဲ့ဘုရားကို တွေ့ရင် ကြောက်လန့်ပြီး ထွက်ပြေးသွားကြမှာစိုးလို့ပါ။ ဒါကြောင့် သူဖန်ဆင်းထားတဲ့ မာရိကို အသုံးပြုရပါတယ်။ "ကျေးဇူးတော် ခံရသော မိန်းမ၊ သင်ဟာ မင်္ဂလာ ဖြစ်စေသတည်း။ ထာဝရဘုရား သည် သင်နှင့်အတူ ရှိတော်မူ၏။ သင်သည် မိန်းမတကာတို့ထက် မြတ်စွာသော မင်္ဂလာ ရှိသည်ဟု လျှောက်ဆို၏" ဒီစကားဟာ လူအချင်းချင်းက ချီးမွမ်းခြင်း မဟုတ်ပါဘူး။ ဘုရားသခင်ကိုယ်တိုင်က မာရိကို ချီးမွမ်းခြင်း ဖြစ်ပါတယ်။ ဘာကြောင့် မာရိကို ချီးမွမ်းရသလဲဆိုတာ စဉ်းစားစရာပါပဲ။ မာရိဟာ ဘုရားရဲ့ စိတ်တော်နှင့် တွေ့သော အမျိုးသမီး ဖြစ်ပါတယ်။ မာရိဟာ ဘုရား မကြိုက် မနှစ်သက်သော အသက်တာနှင့် အသက်မရှင်ပဲ ဘုရားကိုကြောက်ရွံ့၍ သူ့ရဲ့ အသက်တာမှာ စေ့စပ်ထားသော ခင်ပွန်းလောင်း ယောသပ်ရှိပေမဲ့ သူ့ကိုယ်သူ သန့်ရှင်း အောင် ထိန်းသိမ်းနေထိုင် ခဲ့ပါတယ်။ ဘုရားသခင် ပြုတော်မူသော ကျေးဇူး တော် ကြောင့်သာ သခင် ယေရှုကို ဝမ်း၌လွယ်၍ မွေးဖွားရပြီး လောကကြီး ထဲမှာ ရှိသော မိန်းမ အပေါင်းတို့ထက် မြတ်စွာသော မင်္ဂလာ ရှိတယ်လို့ တင်စားခြင်း နှင့် သခင် ယေရှုရဲ့ မယ်တော် မာရိဟု ကျမ်းစာတွင် မှတ်တမ်းတင်ထားရပါသည်။ ယနေ့ ယုံကြည်သူများ လည်း ဘုရားရဲ့စကားကို နားထောင်ရင် ကောင်းကြီးမင်္ဂလာ သားစဉ် မြေးဆက် ခံစားရပြီး ကိုယ်ပြုတဲ့ ဆိုးကျိုးဟာလည်း ကိုယ်တစ်ယောက်တည်းအတွက် သာ မဟုတ်ပဲ သားစဉ် မြေးဆက် အမင်္ဂလာ ခံစားရ၍ ကောင်းကြီးများ ရုပ်သိမ်းခြင်း ခံရမှာဖြစ် ပါတယ်။ ဥပမာ – ဂေဟာဇိ (၄ရာ ၅း၂၇၊ ပရောဖက် လေဝိ (၁ရာ၂း၃၃)၊ ရှောလမုန်မင်း (၃ရာ ၁၁း၁၁–၁၃)

အံ့သြစရာကောင်းတာက သူငယ်တော်ယေရှုလို့ အမည်မှည့်ရခြင်းဟာ မိမိ လူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူ ဖြစ်သောကြောင့် ယေရှု ဟူသော အမည်ဖြင့် မှည့်ရမည်။ (မ ၁း၂၁) သူငယ်တော်ယေရှုဟာ လမ်းခရီးသွားစဉ် ညအချိန် ခဏနား သော ဗက်လင်မြို့သို့ ရောက်မှ ရှေ့ပရောဖက်များရဲ့ ဗျာဒိတ်အရ လူ့ဇာတိကို ခံယူပြီး မွေးဖွားခဲ့ပါတယ်။ Merry Christmas to you all ဆိုတာကို လူတိုင်းရဲ့ နားမှာ ယဉ်ပါးသော စကားလုံး ဖြစ်ပါတယ်။ ငါတို့အားလုံးအတွက် ပျော်ရွှင်ဖွယ် ကောင်းသော ဘုရားနှင့် အပြစ်သားပေါင်းစည်းခြင်း ဖြစ်ပါတယ်။ ကျွန်မ ငယ်ငယ် တုန်းက ခရစ်ယာန်တွေအတွက်ပဲ ခရစ်တော် လောကကို ကြွလာတာလို့ ထင်ခဲ့ပြီး တကယ် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ပြီး သမ္မာတရားကို သိတော့မှ လူသား တိုင်းအတွက် သခင်ယေရှု ကြွလာခြင်း ဖြစ်ပါတယ် ဆိုတာ သိခဲ့ရပါတယ်။ ဘုရားသခင်က ခရစ္စမတ် မှာ ယေရှုကို လက်ဆောင်အဖြစ်နဲ့ ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ခရစ္စမတ်မှာ အဆုံးသတ်မသွားပါဘူး။ ယေရှုဟာ ဘာပြောခဲ့သလဲဆိုရင် "ငါမူကား သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်း ငှါလာ သတည်း" ယော ၁၀း၁၀ (ခ) သခင်ယေရှုဟာ ထာဝရ အသက်ပေးရန်လာခြင်း ဖြစ်ပါတယ်။ ဘယ်လိုပေးမှာလည်း ဆိုရင် နှုတ်ကပါတ်တော်က " ငါသည် ကောင်းသော သိုးထိန်းလည်း ဖြစ်၏။ ကောင်းသော သိုးထိန်းသည် သိုးတို့ အဖို့ အလို့ငှါ မိမိအသက်ကို စွန့်တတ်၏" ယော ၁၀း၁၁ နတ်ဆိုးရဲ့ ကျော့ကွင်းမှာ ကယ်သူမဲ့နေသော လူသားများကို ခရစ်စမတ် အရှင်ယေရှုဟာ ကားတိုင်ပေါ်မှာ မိမိအသက်ကို ပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ စာတန် ချည်နှောင်ခဲ့တဲ့ အပြစ်တရားမှ ခရစ္စမတ်ရဲ့ အရှင် ယေရှုအားဖြင့် လွတ်မြောက်ခြင်း ရခဲ့ပါတယ်။

ကျွန်မတို့ရဲ့ အပြစ်ကြောင့် တက်ရမဲ့ ကားတိုင်ကို သခင်ယေရှု ကျွန်မတို့ ကိုယ်စား အသက် ပေးခဲ့သောကြောင့် ထာဝရ ပျက်ဆီးခြင်း ငရဲ သွားရမဲ့အစား ထာဝရ ကောင်းကင် နိုင်ငံရဲ့ အသက်စာရင်းစာစောင်မှာ နာမည်မှတ်ပြီး သွားသော ကြောင့် ကျွန်မ တို့ရဲ့ ဝိညာဉ် ဘယ်တော့မှ မပျက်ဆီးတော့ပါ။ စာတန်ဟာ နိုင်ငံ အရပ်ရပ်ကို သွားပြီး ဘယ်သူ့မှာ ဘယ်အရာ အားနည်းသလဲ ဆိုတာကို လိုက်ရှာနေတာကို သိနှင့်တဲ့ ဘုရားက " ထိုသားကို မောနွေလ အမည်ဖြင့် မှည့်ရကြလတ္တံ့ဟု လာသတည်း။ မောနွေလ အနက်ကား၊ ငါတို့နှင့် အတူ ရှိတော်မူသော ဘုရားသခင် ဖြစ်ပါတယ်။ လူတွေရဲ့ စိတ်နှလုံးထဲမှာ ဘုရားသခင်က ဘာကို အလိုရှိသလဲ ဆိုရင် "လူသားတိုင်းအတွက် မောနွေလ" ဖြစ်ဖို့အလိုရှိပါတယ်။ စာတန်ဟာ အပြင်မြင်ရတဲ့ သဏ္ဍာန်ကိုပဲ ဖျက်နိုင်ပေမဲ့ မောနွေလ ဘုရားကို နှလုံးသား ထဲမှာ အစဉ် ကိန်းဝပ်ခိုင်းရင်တော့ စာတန်ဟာ "ဘုရားသခင်၏ အလို တော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင် သူသည် သင်တို့ ထဲက ပြေးသွား လိမ့်မည်။" (ယာ ၄း၇) သခင်ယေရှု ပေးသော ကယ်တင်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း အဖြာဖြာ ခံစားရပါစေလို့ ဆုတောင်းပေးရင်း အားလုံးကို Merry Christmas to you all ဖြစ်ကြအောင် ဝေငှကြပါစို့။ ။ (မာရနသာ နီနီခိုင်)

---

## ကျွန်တော်နှင့်အကြင်နာမုန်တိုင်း–၂ 
မင်းအောင်သက်လွင်

၂၈–၀၉–၀၉ နေ့မှာ စင်ကာပူက သင်းအုပ်ဆရာနဲ့ အဖွဲ့ မြန်မာပြည်ကို ရောက်လာပါတယ်။ ရန်ကုန်ကို တစ်ပါတ်ကြိုတင်ပြီး ရောက်နှင့်နေတဲ့ ကျွန်တော်က လေဆိပ်မှာ သွားကြိုတဲ့ အချိန်မှာ ဆရာက ဘိုကလေးကို တန်းသွားမယ်လို့ ပြောတဲ့ အတွက် ကိုယ်ပိုင်အဝတ်အစားထုတ်နဲ့ ကျွန်တော်ဟာ ရန်ကုန် ဒလ သင်္ဘောဆိပ်မှာ ဆရာတို့အဖွဲ့ကို သွားစောင့်နေလိုက်ပါတယ်။ ညနေ ၄နာရီလောက်မှာ ကျွန်တော်တို့ အဖွဲ့သားအားလုံး သင်္ဘောဆိပ်ကို စုံစုံညီညီ ရောက်လာကြပါတယ်၏။ စုစုပေါင်း ၁၀ယောက်ပါ။ (စင်ကာပူက ၇ယောက် မြန်မာပြည်က ၃ယောက်)။ ၅နာရီခွဲမှာ ဒလဆိပ် ကနေ ဘိုကလေးကို ဗင်ကားလေး နှစ်စီးငှားပြီး ထွက်လာခဲ့ကြပါတယ်။ ညနေ စောင်းနေသလို မိုးကလဲ နဲနဲအုံ့နေတော့ ကားသမားက ကားကို ကရုစိုက်ပြီး မောင်းရှာပါတယ်။ လမ်းက ကြမ်းသလို ကားကလဲ နဲနဲစုတ်နေတော့ ကားထဲမှာရှိတဲ့ ကျွန်တော်တို့ တစ်သိုက် "ဘုံ ဂလုံ ဒုံ့ဂွမ်" ဆိုတဲ့ အသံပေါင်းစုံကို ကြားနေရသလို ကျွန်တော်တို့ အဖွဲ့ထဲက လူငယ်နှစ်ယောက်ကလဲ သူတို့ တေးသီချင်းအခွေအကြောင်း အာဘောင်အာရင်း သန်သန် ပြောနေကြတော့ ကားသေးသေးလေးထဲမှာ တော်တော် လေးကို ဆူညံလို့ နေပါတယ်။ ကျွန်တော်ကတော့ သူတို့ ပြောတဲ့ စကားကို တချက် တချက် ဝင်ထောက်ပြီး မြစ်ဝကျွန်းပေါ်က ရွာတွေကို ရောက်ရင် ကျောင်းသားတွေ အတွက် ဘာအစီအစဉ် လုပ်ပေးရမလဲဆိုတာကိုဘဲ စဉ်းစားရင်း လိုက်ပါလာခဲ့ပါတယ်။ အဲဒီလို ပွက်လောရိုက်နေတဲ့ ကျွန်တော်တို့ ကားလေးထဲမှာ ကားသမားဟာ သူ့ကား က နောက်ဖုံး မလုံဘဲ အသံမြည်နေတာကို ကြားပါတယ်။ ချက်ခြင်း ကားကို လမ်းဘေး ထိုးရပ်လိုက်ပြီး ကားနောက်ဖုံးကို သွားပိတ်ပါတယ်။ ဒီလောက် တခြားအသံတွေ ဆူညံနေတာကို သူမို့လို့ ကားနောက်ဖုံး ဂျက် မကျတာကို ကြားတတ်လွန်းလို့ ကျွန်တော်တို့ အံ့သြရပါသေးတယ်။ သမ္မာကျမ်းစာထဲမှာ သခင်ယေရှုက ငါ့သိုး တို့၏ အသံကို ငါကြားတယ်လို့ ဆိုထားပါတယ်။ ပတ်ဝန်းကျင် အသံတွေ ဘယ်လောက် ဆူညံ နေပါစေ၊ ကားသမားက ကားနောက်ဖုံး ဂျက် မကျဘဲ တဂွပ်ဂွပ် မြည်သံကို ကြားသလို သခင်ကလဲ သိုးတွေရဲ့ အသံကို ကြားပါတယ်။ ကျွန်တော်တို့ အသံက တိုးချင် တိုးနေပါစေ၊ တခြားသူတွေ ပြောတဲ့ အသံလောက် မကျယ်ချင် နေပါစေ၊ ကိုယ်တော့်ကိုသာ နှလုံးသားထဲက ခေါ်ခဲ့ပါရင် ကိုယ်တော် ထိုအသံကို ကြားတယ် ဆိုတဲ့ သင်ခန်းစာကို ရခဲ့ပါတယ်။

နောက်တစ်နေရာ ရောက်တော့ ကားသမားက လမ်းခုလတ်မှာ ကားကို ထပ်ရပ် လိုက်ပြန် ပါတယ်။ ဘာဖြစ်လို့လဲလို့ ဝိုင်းမေးတော့ ကျွန်တော်တို့ စီးလာတဲ့ ကားက နောက်ဘက် အချက်ပြမီး ဘရိတ်မီး အနီတစ်လုံး မလင်းလို့တဲ့။ ဟာ နောက်မီး သေးသေးလေး မလင်းတာကို ဒီကားသမား ဘယ်လိုလုပ် သိသလဲပေါ့။ မြန်မာ စကားပုံမှာ နောက်မီးလင်းတယ် ဆိုတာ မကောင်းပါဘူး။ အိမ်ထောင်ရေး ဖောက်ပြန် တာကို ဆိုလိုတာပါ။ ဒါပေမဲ့ ညဘက် မောင်းတဲ့ ယာဉ်တွေကတော့ နောက်မီးရော ရှေ့မီးရော မီးတွေ အားလုံး လင်းနေဖို့ လိုပါတယ်။ မီး မလင်းရင် အားလုံး ဒုက္ခ ရောက်သွား နိုင်ပါတယ်။ နောက်မီး ထွန်းရခြင်းရဲ့ အဓိပ္ပါယ်က နောက်က လာတဲ့ ယာဉ်ကို မိမိကား ရှေ့မှာ ရှိနေတာကို သိစေလိုခြင်း ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ ဆီမီး ထွန်းပြီး တောင်းဇလားအောက်မှာ မဖုံးထားရဘူး။ လူအများ မြင်စေခြင်းငှာ မြင့်သော အရပ် ဆီမီးခုံပေါ်မှာ တင်ထားရမယ်လို့ ဆိုထားပါတယ်။ လုကာ ၈း၁၆။ ကျွန်တော်တို့ ယုံ ကြည်သူများရဲ့ အသက်တာမှာလဲ မိမိရဲ့ ကိုယ်ပိုင် အလင်းရောင်လေးနဲ့ (အလင်းရောင် မှိန်ချင် မှိန်နေပါစေ၊ မမှိတ်ပါစေနဲ့) အစွမ်း ရှိသလောက် နောက်ကား မတိုက်မိအောင်။ အခြားသူတွေ ထိမိ၍ မလဲအောင် ထွန်းထားဖို့ ဘိုကလေး ကားသမားက သတိပေး နေပါတယ်။ ပုံမှန်ဆိုရင် ဘိုကလေးမြို့ကို ၃နာရီဘဲ ကြာမဲ့ ခရီးက ၄နာရီကြာသွားခဲ့ပါတယ်။ ဒါ့ကြောင့် ဘိုကလေးကို ကျွန်တော်တို့ အဖွဲ့ ည၉နာရီခွဲ ကျော်ကျော် မှာ ရောက် သွားခဲ့ပါတယ်။

နာဂစ် မုန်တိုင်းဒဏ် ခံရပြီး ဘုရားရှိခိုးကျောင်းဆောင် ပြိုသွားတဲ့ ရွာတွေ ဆီက သင်းအုပ်ဆရာ အယောက် နှစ်ဆယ်ခန့်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ည ၁၁ နာရီ လောက်မှာ စည်းဝေးပြီးသွားတဲ့အတွက် ကမ်းစပ်မှာ အသင့်ကပ်ထားတဲ့ အရှည် ၁၅ပေ လောက်ရှိတဲ့ စက်လှေနဲ့ ပဝိန်ရွာကို ကျွန်တော်တို့ တစ်ဖွဲ့လုံး ထွက်ခွာလာခဲ့ကြ ပါတယ်။ ပဝိန်ရွာကို အရင်တစ်ခေါက် ၂၃–၆–၂၀၀၈ ကနေ ၂၇–၆–၂၀၀၈ ခုနှစ် တုံးက နာဂစ် မုန်တိုင်းအပြီး ဆေးသွားကုတဲ့ စင်ကာပူ အသင်းတော်အဖွဲ့နဲ့ လိုက်သွားတုံးက ကျွန်တော် ရောက်ခဲ့ပြီးပါပြီ။ အဲဒီတုံးက ရွာတွေအားလုံး ပြိုပျက်နေတာမို့ 'ပဝိန်ရွာ'



သခင့်စကား ဝိညာဉ်ရေး လစာစောင်၊ အမှတ်စဉ် ၁၀၂၊ ဖေဖော်ဝါရီလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် 
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

“အနုပညာ ဝါသနာရှင်များ အတွက် ” မင်းအောင်သက်လွင် စီစဉ် တင်ဆက်သည့် “ခရစ်ယာန် ဓမ္မအငြိမ့် ဒီဗီဒီ ” တစ်ခွေ လျှင် အထူးဈေးနှုန်း ၂ ဒေါ်လာ ဖြင့် ဝယ်ယူ ရနိုင်ပါသည်။
၁။ (ဒီဗီဒီ ဓမ္မအငြိမ့် အခွေ) ဒူးလော့်စ် သဘော်ာပေါ်မှ မြန်မာ့ ညတစ်ည ( မြန်မာ တိုင်းရင်းသား ခရစ်ယာန်အငြိမ့် (စင်ကာပူ)) နှင့်
၂။ (ဒီဗီဒီ ဓမ္မအငြိမ့် အခွေ) နယ်လှည့် ခရစ္စမတ် ဇာဲဂေလိ အထူးအစီအစဉ် ( မွန်နှစ်ခြင်း လူငယ် ဓမ္မအငြိမ့် ၊ အင်းစိန်၊ မြန်မာပြည် ) ။



ကို ‘ပဝေရွာ’လို့ ကျွန်တော် နာမည်မှားပြီး သတင်းဆောင်းပါး တစ်ပုဒ်ကို သခင့်စကား အမှတ်စဉ်(၈၈)က ကျွန်တော်နှင့် မုန်တိုင်းဒေသ အမှတ်တရ(၅) ဆောင်းပါးမှာ ရေးသားခဲ့ဖူးပါတယ်။ အခုတစ်ခါ တစ်နှစ်လောက်အကြာမှာ ပြန်ရောက် သွားတော့ ရွာတွေက ပြန်လည် တည်ဆောက်ရေးလုပ်ငန်းတွေ ပြီးသွားလို့ ရွာထိပ်မှာ တင်ထားတဲ့ ရွာနာမည် ဆိုင်းဘုတ်ကို မြင်မိတော့မှ ‘ပဝေ’ မဟုတ်ဘဲ ‘ပဝိန်’ ဖြစ်နေ တာကို တွေ့လိုက်ရပါတယ်။ နောက်တစ်နေ့ မနက်စောစော အိပ်ယာက နိုးတော့ ပဝိန် သင်းအုပ်ဆရာနဲ့ စကားစမြည် ပြောရင်း ပဝန်ရွာဆိုတဲ့ နာမည်လေး ဖြစ်လာ တာကို သိခဲ့ရပါတယ်။

လွန်ခဲ့တဲ့ နှစ်တော်တော်များများက ဒီ ပဝိန်ရွာလေး ဖြစ်လာမဲ့ ချောင်းနား က တောကြီးထဲကို အဘ (အဖိုးအို) တစ်ယောက် လှေလေးတစ်စင်းလှော်ရင်းနဲ့ ဝင်လာတာကို တခြား ရွာနီးချုပ်စပ်ကလူတွေ မြင်လိုက်တော့ အဘ ဝင်သွားတဲ့ နေရာကို ‘အဘဝင်’ လို့ခေါ်ကြရာက ကာလရွေ့လာတော့ ‘ဘဝင်’ ဆိုပြီး ခေါ်ခဲ့ရာက နောက်တော့ ‘ပဝိန်’ လို့ နာမည်တွင်ပြီး အခုတော့ အစိုးရ စာသင်ကျောင်းတွေ တည်ရှိရာ ပဝိန်ရွာကြီး အဖြစ် လူသိများလာရကြောင်း ပြောပြခဲ့ပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ် ကျွန်တော်တို့ ဆေးကုတဲ့အဖွဲ့နဲ့ လာခဲ့တုံးက ပဝိန်ရွာမှာ နာဂစ် မုန်တိုင်း ကြောင့် ဒုက္ခရောက်နေတဲ့ ရွာနီးချုပ်စပ်က ကျောင်းသားကျောင်းသူ အယောက် ၉၀ ကျော်ကို ဘော်ဒါဆောင်တွေဖွင့်ပြီး ကျွေးမွေးပြုစုလာခဲ့ရာက (အသေးစိတ်ကို အမှတ်စဉ်(၈၈)တွင် ပြန်လည် ဖတ်ရှုပါ) အခု အချိန်မှာတော့ ကျောင်းသားတွေ အတွက် ကျွေးမွေးစရိတ် မတတ်နိုင်တာက တကြောင်း၊ ရွာအခြေအနေများ ပြန်လည် ကောင်းမွန်လာတာကတကြောင်း၊ ကျောင်းသားများ စာမေးပွဲပြီး သွားတာက တ ကြောင်းမို့ အကြောင်းအမျိုးမျိုးကြောင့် အရင် တစ်နှစ်က ကျောင်းသား မြောက်များ စွာနဲ့ စည်ကားခဲ့တဲ့ ပဝိန်ရွာကြီးဟာ အခုတစ်ခေါက်မှာတော့ ကျောင်းသား ၁၀ယောက် လောက်သာ ကျန်ခဲ့ပြီး ခြောက်ကပ်ကပ် ဖြစ်နေခဲ့ပါတယ်။ ဒုက္ခရောက်သူတွေကို လှူမယ်၊ တန်းမယ်လို့ လက်သီးလက်မောင်းတန်း၊ မောင်းတင်ပြီးလာခဲ့တဲ့ စင်ကာပူ က သင်းအုပ် ဆရာနဲ့ ကျွန်တော်တို့ အဖွဲ့တွေဟာ ကျောင်းသားတွေကို မတွေ့ ရတော့လို့ အားမလို အား မရ ဖြစ်ခဲ့ရပါတယ်။



တကယ်တော့ ကျွန်တော်တို့အဖွဲ့ဟာ ပဝိန်ရွာက ကလေးတွေကို လိုအပ် တဲ့ ကျောင်းစရိတ် အနည်းငယ်ကို လှူဒါန်းရင်း ပြဇာတ်တွေ သီချင်းတွေနဲ့ မိတ်ဖွဲ့ အားပေး စကား ပြောဖို့ လာခဲ့တာပါ။ ကျောင်းသားတွေ မရှိတော့တာက တကြောင်း၊ ညက စင်ကာပူ၊ ရန်ကုန်၊ ဘိုကလေး ဆိုတဲ့ နေရာ သုံးနေရာ ကနေ ဆက်တိုက် တစ်ရက်တည်း မနားတမ်းလာခဲ့ရလို့ ပဝိန်ရွာကို ညသန်းခေါင်မှ ရောက်ခဲ့တဲ့ ကျွန်တော်တို့ အဖွဲ့ဟာ ခရီးပန်းရင်း အိပ်ပျော်သွားရာက ပဝိန်ရွာ မနက်စောစော အာရုဏ်ဦး ဝတ်ပြုအစီအစဉ်မှာ ဦးဆောင်ဝေငှဖို့ တာဝန် ယူထားပေမဲ့ မနက်စောစော ၄နာရီကို မထနိုင်ခဲ့တာကြောင့် ဘာအစီအစဉ်မှ မယူဖြစ်ခဲ့ပါဘူး။ လူစုံတက်စုံ နိုးလာတဲ့ မနက် ၇နာရီကျော်လောက်မှ မနက်စာကို ကမန်းကတန်း စားပြီး စင်ကာပူကနေ ဝယ်လာတဲ့ ဂီတာတစ်လုံးနဲ့ တဲ(မ်)ဘဲရင်း(န်) (Tambourine) တစ်ခုကို လက်ဆောင်အဖြစ် လှူဒါန်း ဖြစ်ခဲ့ပါတယ်။

စက်လှေနဲ့ ဘိုကလေးကို ပြန်ခါနီးမှာ မှ ရန်ကုန်က လိုက်လာတဲ့ လူ တစ်ယောက်ဟာ ပဝိန်ရွာက စာသင်ကျောင်းနဲ့ ဘော်ဒါဆောင်တွေကို ဓါတ်ပုံ ရိုက်ချင် တယ် ကျွန်တော့ ကင်မရာနဲ့ သူ့ကို ရိုက်ပေးပါလို့ ပူဆာတဲ့အတွက် ဆရာ့ဆီ မှာ ခွင့်ပန်ရင်း အရင်တစ်နှစ်က မရောက်ဖြစ်လိုက်တဲ့ ပဝိန်ရွာ အတွင်းပိုင်းက စာသင်ကျောင်း ရှိရာကို ဆယ်မိနစ်ယောက် ခြေလျင်လျှောက်ရင်း ဓါတ်ပုံ ရိုက်ခဲ့ကြပါ တယ်။ ရွာအတွင်းပိုင်းမှာ အစိုးရ အလယ်တန်းကျောင်းခွဲ ကို တွေ့လိုက်ရသလို မနီး မဝေး လယ်ကွက်ထဲက ဆောက်လက်စ ကျောင်းဆောင်အသစ်ကြီး တစ်ဆောင်ကိုလဲ မနက်ခင်း နေရောင်အောက်မှာ သွပ်မိုးတွေ ပြောင်ပြောင် လက်နေတာ တွေ့လိုက်ရပါ တယ်။ ရေစပ်စပ်မှာ ကူးနေတဲ့ ဘဲတစ်ချို့၊ လယ်ကွင်း ကန်သင်းရိုးနဲ့ ကျောင်းဆောင်ကို ပေါင်းကူး ဆက်ထားတဲ့ သစ်တပြားစာ လူကူး တံတားလေးပေါ် ခနော်ခနဲ့ လျှောက် ရင်း သွားနေတဲ့ ကျောင်းဝတ်စုံ အဖြူအစိမ်းနဲ့ ကျောင်းသားတွေကို တွေ့ခဲ့ရသလို သစ္စာအလင်းရောင်လို့ နာမည်ပေးထားတဲ့ စာကြည့်တိုက်တစ်ခုကိုလဲ တွေ့ခဲ့ရပါတယ်။ အချိန် မရတော့တာမို့ ကျောင်းထဲ မဝင်ဖြစ်ဘဲ အပြင်ကနေ ဓါတ်ပုံရိုက်ရင်း လှေဆိပ်ကို ပြန်ပြေးခဲ့ရပါတယ်။ နောက်မှ သိလိုက်ရတာက ပဝိန်ရွာက နာဂစ် လက်ကျန် ကျောင်းသား တစ်ချို့ကို စင်ကာပူမှာရှိတဲ့ အင်ဂျင်နီယာအဖွဲ့နဲ့ ပန်ဂျာရူ အလုပ်သမား အဆောင်က မြန်မာများက လစဉ် ကျောင်းစရိတ် လှူဒါန်းနေတာမို့ စင်ကာပူက အလှူရှင်တွေကို ပြဖို့ တာဝန်ရှိတဲ့ အဲဒီလူက ဓါတ်ပုံ ရိုက်ပေးတာ ဖြစ်ကြောင်း ရှင်းပြပါတယ်။ တကယ်တော့ သူ့ဆီမှာလဲ ကင်မရာ ရှိပေမဲ့ သူ့ရဲ့ ကင်မရာက မကောင်း တော့တဲ့အတွက် အလင်းရောင်များတဲ့ နေ့လည်ချိန်မှာ ရိုက်လို့ မရဘဲ ညဘက် မှောင်မည်းနေမှ ရိုက်လို့ရတာ ဖြစ်ကြောင်းပြောပြခဲ့ပါတယ်။ ဓါတ်ပုံရိုက်အပြီး စက်လှေပေါ် ရောက်နှင့်တဲ့ အဖွဲ့သားတွေက နောက်ကျ ကျန်ခဲ့တဲ့ ကျွန်တော်တို့ နှစ်ယောက်ကို သတိပေးတဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်နေတာကို မသိကျိုးကျွံပြုရင်း လှေပေါ် ကမန်းကတန်း တက်ခဲ့ရပါတယ်။ နေကလဲ တော်တော်ပူနေတာမို့ မခြောက် သေးတဲ့ အဝတ်အစား တစ်ချို့ကို စက်လှေပေါ်မှာ လှန်းလိုက်ကြပါတယ်။ အချင်းချင်း ရယ်မောရင်း စရင်း နောက်ရင်းနဲ့ ပဝိန်ရွာကနေ တစ်နာရီ နီးပါးလောက် စက်လှေ စီးရတဲ့ ဘိုကလေးကို ပြန်လာခဲ့ကြပါတယ်။ ဘိုကလေး မရောက်ခင်မှာ အရင် တစ်နှစ်က သွားခဲ့ဖူးတဲ့ မယုံကြည်သူတွေ ချည်းဘဲရှိတဲ့ ကွမ်းသီးချောင်းရွာကို ခန တဖြုတ် ဝင်နှုတ်ဆက်ဖို့ လမ်းကြုံ လို့ ဝင်ခဲ့ကြပါတယ်။ အဲဒီ အကြောင်းကိုတော့ နောက်လ မှာဘဲ ဆက်ဖတ်ကြပါတော့။ (ရှေ့လဆက်ရန်) မင်းအောင်သက်လွင်

---

## အလုပ်သိပ်ပင်ပန်းနေလား (အလုပ်သိပ်များနေလား)



တစ်နှစ်မှာ နေ့ရက်ပေါင်း ၃၆၅ ရက် (၃၆၆ရက်) ရှိပြီး၊ တစ်ရက်စီမှာ ၂၄ နာရီ ရှိတယ်ဆိုတာ ခင်ဗျားတို့အားလုံး သိပြီးသားပါ၊ ၂၄ နာရီစီ ရှိတဲ့ နေ့ရက် တစ်ရက်စီတိုင်းမှာ ၁၂ နာရီ ဟာ အလုပ်လုပ်လို့ မရတဲ့ (အဆင်မပြေတဲ့) ‘ည’ ဖြစ်နေပါတယ်။ ဒါကြောင့် တစ်နှစ်မှာ အလုပ်လုပ်လို့ရတဲ့ အချိန်က ရက်ပေါင်း (365/2=182.5) ၁၈၂ ရက်ခွဲ ဘဲ ရှိပါတယ်။

အဲဒီလို ၁၈၂ရက်ခွဲ (၁၈၃ ရက်) ထဲမှာ နိုင်ငံတကာ အလုပ်နားရက်ဖြစ်တဲ့ တနင်္ဂနွေနေ့က ၅၂ ရက် ပါနေပြန်တယ်။ နိုင်ငံတကာ အလုပ်နားရက် တနင်္ဂနွေနေ့တွေ အားလုံးကို နှုတ်လိုက်ရင် (183-52=131) အလုပ်လုပ်ရမဲ့ ရက်က ၁၃၁ ရက်ဘဲ ကျန်ပါတော့တယ်။ အဲဒီ ရက်ပေါင်း ၁၃၁ ရက်ထဲကမှ နောက်ထပ် အလုပ်နားရက်ဖြစ်တဲ့ စနေနေ့ပေါင်း ၅၂ ရက်ကို ထပ်နှုတ်လိုက်ရင် (131-52=79) အလုပ်လုပ်ရမဲ့ ရက်ပေါင်းက တစ်နှစ်ပါတ်လုံးမှာ ၇၉ ရက်ဘဲ ကျန်ပါတော့တယ်။ နေ့ရက် တစ်ရက်စီမှာ ပျမ်းမျှ အားဖြင့် လူတိုင်းလိုလိုဟာ အာဟာရဖြည့် စားဖို့၊ သောက်ဖို့အတွက် (မနက်စာ၊ နေ့လည်စာ၊ ညနေစာ၊ ညလယ်စာ) အနည်းဆုံး ၃နာရီတော့ ကြာတတ်ပါတယ်။ လူတိုင်း မလုပ်မနေ လုပ်ရမဲ့ ကျန်းမာရေးအတွက် ကိုယ်လက်သန့်စင်၊ သွားတိုက်၊ မျက်နှာသစ်။ ရေမိုးချိုး၊ အညစ်အကြေးစွန့် တာကလဲ ပျမ်းမျှ တစ်နာရီ ကြာတယ်ဘဲ ထားလိုက်ပါ။ အစာစား၊ အညစ်အကြေးစွန့်၊ ရေချိုး တာတွေ အားလုံး (တစ်နေ့ကို ပျမ်းမျှ ၄နာရီ ) အတွက် တစ်နှစ်မှာ ရက်ပေါင်း ၆၀ ကြာ သွားပါတယ်။ (4*365=1460) , (1460/24=60.8)

အဲဒါဆိုရင် ခင်ဗျား အလုပ်လုပ်ရမဲ့ အချိန်က ၁၉ ရက်ဘဲ (79-60=19) ကျန်ပါတော့တယ်။ ကုမ္ပဏီ သူဌေး တော်တော်များများက အလုပ်သမားတိုင်းကို တစ်နှစ်မှာ တရားဝင် ခွင့်ရက် ၁၄ ရက် အနားယူခွင့် ပေးထားတာမို့ ခွင့်ရက် ၁၄ရက်ကို နှုတ်လိုက်ရင် (19–14 = 5) ခင်ဗျား အလုပ်လုပ်ရမဲ့ အလုပ်ချိန်က တစ်နှစ်စာလုံးမှာ ၅ရက်ဘဲ ကျန်ပါတော့တယ်။ အဲဒီ ကျန်တဲ့ ၅ရက် ထဲကမှ ခင်ဗျားက နာစေး တာတို့ ချောင်းဆိုးတာတို့ ချစ်သူ၊ မိတ်ဆွေတွေနဲ့ တွေ့ဖို့ သာရေး၊ နာရေး အတွက် အရေးပေါ်ခွင့် တင်တတ် တာတို့ တွေကြောင့် အဲဒီ အရေးပေါ်ခွင့်တွေကို ၄ရက် အသုံးပြုတယ်လို့ မှတ်လိုက်ရင် ခင်ဗျားမှာ တကယ့် တကယ် အလုပ်လုပ်ရမဲ့ ရက်က တစ်နှစ်ပါတ်လုံးထဲမှာ ... **တစ်ရက်** ဘဲ ကျန်ပါတော့တယ်။ (5-4=1)

အဲဒီလို နောက်ဆုံး အလုပ်လုပ်ဖို့ ကျန်တဲ့ တစ်ရက် ကလဲ အပြည်ပြည် ဆိုင်ရာ အလုပ်သမားနေ့ (မေဒေးနေ့) ဖြစ်နေလို့ ခင်ဗျား အလုပ် သွားလုပ်စရာ မလိုဘူးလေ။ အဲဒါနဲ့များဗျာ၊ ခင်ဗျားက ဘာဖြစ်လို့ အလုပ် သိပ်ပင်ပန်းတာဘဲ (အလုပ် သိပ်များတာဘဲ) လို့ ခနခန၊ တဖွဖွ ပြောနေရ သေးတာလဲ။ **(ယခု နေ့ရက် ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလ အချိန်ကို ရွေးနှုတ် ကြ လော့)** (ဝန်ခံချက်။။ အလုပ် သိပ်များ တတ်တဲ့ သူတွေ အားလုံးအတွက် Tired of working? အား ဆီလျော် အောင် မြန်မာဘာသာ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ တွက်ချက်မှုများ အသေးစိတ် မမှန်ကန်ပါ၊ စာဖတ်သူများ စိတ် အပန်းဖြေရန် အတွက်သာ အပျော် သက်သက် ရေးထားသားခြင်း ဖြစ် ပါသည်)

မင်းအောင်သက်လွင်

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည် (နိုင်ငံရေး။ လူမျိုးရေး။ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ ) Min Aung Thet Lwin, Blk 76A #30-02. Red hill road, Singapore 151076 E-mail; thelordword@gmail.com (( Phone (65) 81222320 ))
((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်